ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

# ၂၀၂၀ ပြည့်နှစ် ၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း

# ပထမအကြိမ် အစီရင်ခံစာ

## (၂၀၂၀ ပြည့်နှစ် ၊ ဇန်နဝါရီလမှ မတ်လထိ)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ နည်းပညာပံ့ပိုးကူညီပါသည်။

၂၀၂၁ ခုနှစ် ၊ မေလ နေပြည်တော်

# ၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း

# ပထမအကြိမ် အစီရင်ခံစာ

(၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ မတ်လထိ)

# Annual Labour Force Survey, 2020

# First Semi-Annual Report

*(January to March 2020)*

# ဥယျောဇဉ်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနသည် လုပ်သားစာရင်းအင်း (Labour Statistics) ဆိုင်ရာ အချက်အလက်များ စဉ်ဆက်မပြတ် ရရှိစေရန်နှင့် ရာသီချိန်အလိုက် အလုပ်အကိုင်ပြောင်းလဲမှု အခြေအနေကို သိရှိနိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်ဖြင့် နှစ်စဉ်လုပ်သားအင်အားစစ်တမ်းကို ၂၀၁၇ ခုနှစ်မှစ၍ တစ်နှစ်လျှင်နှစ်ကြိမ် ကောက်ယူလျက် ရှိရာ ၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်) ထိ အောင်မြင်စွာ ဆောင်ရွက်နိုင် ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်) ကို ပြည်သူ့အင်အားဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းပြုစုထားသည့် ပင်မနမူနာစာရင်းစဉ် (Updated Master Sampling Frame) မှ ပြည်သူ့အင်အားဦးစီးဌာနက စာရင်းအင်းနည်းလမ်းအရ ရွေးချယ်ပေးခဲ့သည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာရင်းကောက်ကွက် ၇၈၀ ကွက်မှ နမူနာအိမ်ထောင်စု ၁၄,၀၄၀ ကို ကွင်းဆင်းကောက်ယူရန် သတ်မှတ်ဆောင်ရွက်ခဲ့သော်လည်း နယ်မြေလုံခြုံမှုအခြေအနေအရ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ ကောက်ကွက် ၇ ကွက်ကို ကောက်ယူနိုင်ခဲ့ခြင်းမရှိ၍ စုစုပေါင်း စာရင်းကောက်ကွက် ၇၇၃ ကွက်မှ အိမ်ထောင်စုပေါင်း ၁၃,၉၁၄ ကိုသာ ကောက်ယူနိုင်ခဲ့ပါသည်။ ဤစစ်တမ်း (ပထမအကြိမ်) ကောက်ယူနေစဉ် COVID-19 ရောဂါကူးစက်မှု စတင်ဖြစ်ပွားစပြုလာပြီဖြစ်သော်လည်း ၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်) ကို အောင်မြင်ပြီးမြောက်အောင် ကောက်ယူနိုင် ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်) ကို ကွန်ပျူတာ အထောက်အကူပြု လူတစ်ဦးချင်း မေးမြန်းကောက်ယူသည့်စနစ် (Computer-Assisted Personal Interviewing-CAPI) ဖြင့် Tablet များ အသုံးပြု၍ ကောက်ယူနိုင်ရန် CSPro Program ရေးသားခြင်းအတွက် ကမ္ဘာ့ဘဏ် (World Bank) မှ နည်းပညာပံ့ပိုးကူညီပေးခဲ့ပြီး၊ စစ်တမ်းကောက်ယူမှုလုပ်ငန်းစဉ်များ အောင်မြင်စေရန် စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံ သတ်မှတ်ချက်များလုပ်ငန်းအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများကို ညှိနှိုင်းဆောင်ရွက်သူ (Coordinator)၊ ကြီးကြပ်ရေးမှူး (Supervisor) နှင့် စာရင်းကောက်သူ (Enumerator) များအဖြစ်လည်းကောင်း၊ လုပ်သားအင်အားကောက်ယူပြုစုရေးဌာနခွဲမှ ဝန်ထမ်းများကို လုပ်သားအင်အားစစ်တမ်းအဖွဲ့ (Labour Force Survey Team) အဖြစ်လည်းကောင်း ဖွဲ့စည်း၍ တာဝန်များ ပေးအပ်ခဲ့ပါသည်။

လုပ်သားအင်အားစစ်တမ်းအဖွဲ့မှ တာဝန်ရှိသူများသည် အချက်အလက်များ မှန်ကန်စွာ ရရှိစေရန်နှင့် စာရင်းကောက်ယူစဉ် နမူနာရွေးချယ်မှုကြောင့် မဟုတ်သည့်အမှား (non-sampling error) များ နည်းပါးရန် အတွက် ကွင်းဆင်းစာရင်းကောက်ယူမည့် ဝန်ထမ်းများကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့ ထိ ၂၀၂၀ ပြည့်နှစ်၊ စာရင်းကောက်သင်တန်းကို ဖွင့်လှစ်ပို့ချခြင်း၊ ကွင်းဆင်းကောက်ယူမှုလုပ်ငန်းများကို ကြီးကြပ်ခြင်း၊ အချက်အလက်စစ်ဆေးခြင်း၊ Weight တွက်ချက်ခြင်း၊ စာရင်းဇယားထုတ်ယူခြင်းနှင့် အစီရင်ခံ

စာရေးသားခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး၊ ILO Regional Office for Asia and the Pacific, Bangkok မှ Regional Labour Statistician ဖြစ်သူ Mr. Tite Habiyakare က Weight တွက်ချက်ခြင်း ၊ စာရင်းဇယားထုတ်ယူခြင်းနှင့် အစီရင်ခံစာ ရေးသားပြုစုခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါသည်။

စစ်တမ်းကောက်ယူရာတွင် အရည်အသွေးကောင်းမွန်စေရေးနှင့် နိုင်ငံတကာစာရင်းအင်း အချက်အလက်များနှင့် နှိုင်းယှဉ်နိုင်ရေးတို့အတွက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ နောက်ဆုံးချမှတ်ထားသည့် အဓိပ္ပာယ်သတ်မှတ်ချက်များ၊ ၂၀၁၃ ခုနှစ်တွင် ကျင်းပခဲ့သည့် ၁၉ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စာရင်းအင်းပညာရှင်များညီလာခံ (19th ICLS) ၏ တိုက်တွန်းချက်ဖြစ်သည့် နိုင်ငံ၏ အလုပ်လက်မဲ့ကို ဖော်ပြရာတွင် အလုပ်လက်မဲ့နှုန်း (LU-1) တစ်ခုတည်းဖြင့် မလုံလောက်၍ နိုင်ငံ၏အလုပ်အကိုင် လိုအပ်ချက်ကို ဖော်ပြသည့် အညွှန်းကိန်းဖြစ်သော လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်မှုနှုန်း (LU-4) ကိုပါ တစ်ပေါင်းတည်းဖော်ပြခဲ့ခြင်း၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းအမျိုးအစားခွဲခြားခြင်း စံချိန်စံညွှန်း (ပြင်ဆင်ချက်-၄) (International Standard Industrial Classification of All Economic Activities-ISIC, Rev.4)၊ အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင်အမျိုးအစား ခွဲခြားခြင်း စံချိန်စံညွှန်း (၂၀၀၈) (International Standard Classification of Occupations-ISCO, 2008) ၊ ၁၉၉၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင်အခြေအနေ ခွဲခြားမှုစံထားအညွှန်း (Revision of the International Classification of Status in Employment-ICSE, 1993) တို့ကို အသုံးပြု ကောက်ယူခဲ့ပြီး စာရင်းဇယားများကို ထုတ်ယူခဲ့ပါသည်။

ယခုကဲ့သို့ စစ်တမ်းကောက်ယူမှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရာတွင် ပူးပေါင်းပါဝင်ကူညီခဲ့ကြသော စစ်တမ်းများနှင့်စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များလုပ်ငန်းအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကမ္ဘာ့ဘဏ်မှတာဝန်ရှိသူများ၊ ILO မှ တာဝန်ရှိသူများ၊ လုပ်ငန်းတာဝန်များကို အလေးထားကြိုးပမ်းဆောင်ရွက်ခဲ့သည့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာနယ်မြေများရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ၊ အထူးသဖြင့် မေးခွန်းများကို စိတ်အားထက်သန်စွာ ဖြေဆိုပေးခဲ့ကြသော အိမ်ထောင်စုဝင်များအားလုံးကို အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

စစ်တမ်းကောက်ယူခြင်းမှရရှိလာသော အချက်အလက်များကို မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan-MSDP)၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals-SDGs)၊ မြန်မာနိုင်ငံ၏ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဌာနေအစီအစဉ် (Decent Work Country Programme-DWCP) ၊ မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ National Action Plan (NAP) ၊ ပညာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရှိ ကျောင်းပြင်ပရောက် ကလေးများအခြေအနေကို လေ့လာစိစစ်အကဲဖြတ်ခြင်း (Out-of-School Children Initiative-OOSCI) ၊ ILO Statistics Database အတွက် လိုအပ်သည့် အချက်အလက်များ ၊ အပြည်ပြည်ဆိုင်ရာ လုပ်သားရွှေ့ပြောင်းသွားလာမှုဆိုင်ရာ စာရင်းအင်း (International Labour Migration Statistics-ILMS) ၊ အာဆီယံနှင့် နိုင်ငံတကာစာရင်းအင်းစာစောင်များ၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၊ ကမ္ဘာ့ဘဏ် (World Bank) ၊ သုတေသနပြုသူများနှင့် ပြည်တွင်း/ ပြည်ပမှ

စာတမ်းပြုစုမည့် ဘွဲ့ယူကျောင်းသား၊ ကျောင်းသူများမှ တောင်းခံလာသည့် အချက်အလက်များကို ပံ့ပိုးပေးနိုင်ခဲ့ပြီး ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ၊ အထူးသဖြင့် အလုပ်အကိုင်နှင့် အလုပ်သမားရေးရာမူဝါဒများ၊ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ထိရောက်စွာ အသုံးပြုနိုင်မည်ဟု ကျွန်ုပ်အနေဖြင့် လေးနက်စွာ ယုံကြည်မျှော်လင့်ပါကြောင်း ဖော်ပြအပ်ပါသည်။



ဦးသိန်းဆွေ

ပြည်ထောင်စုဝန်ကြီး

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



## Contents


| Sr. | Description | Page No. |
|---|---|---|
| 1. | Key Figures | i – ii |
| 2. | Sample Design | 1 |
| 3. | Concepts and Definitions | 2-5 |
| 4. | Population and Labour Force | 6-7 |
| 5. | Employment and Job Quality | 8-11 |
| 6. | Wages and Earnings | 12-15 |
| 7. | Labour Underutilization | 16-17 |
| 8. | Working Age Population Outside the Labour Force | 18-19 |
| 9. | Working Children and Child Labour | 20-22 |


## List of Table


| Table No. | Title | Page No. |
|---|---|---|
| 1. | Working Age Population and Labour Force by age group, sex and urban/rural | 6 |
| 2. | Employment by age group, sex and urban/rural | 8-9 |
| 3. | Monthly Wages and Earning of wage employees by age group, sex and urban/rural | 12-13 |
| 4. | Total Monthly Wages and Earnings of all employed persons by age group, sex and urban/rural | 15 |
| 5. | Labour Underutilization by age, sex and urban/rural | 16 |
| 6. | Working Age Population Outside the Labour Force by age group, sex and urban/rural | 18 |
| 7. | Working Children and Child Labour by age group, sex and urban/rural | 20-21 |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အဓိကအချက်အလက်များ | i - ii |
| ၂။ | နမူနာဒီဇိုင်း | ၁ |
| ၃။ | အယူအဆနှင့် အဓိပ္ပာယ်သတ်မှတ်ချက်များ | ၂-၅ |
| ၄။ | လူဦးရေနှင့် လုပ်သားအင်အား | ၆-၇ |
| ၅။ | အလုပ်အကိုင်နှင့် အလုပ်၏အရည်အသွေး | ၈-၁၁ |
| ၆။ | လုပ်ခနှင့် ဝင်ငွေရရှိမှု | ၁၂-၁၅ |
| ၇။ | လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်ခြင်း | ၁၆-၁၇ |
| ၈။ | အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားတွင် လုပ်သားအင်အားပြင်ပ ရောက်ရှိနေသူများ | ၁၈-၁၉ |
| ၉။ | အလုပ်လုပ်သောကလေးများနှင့် ကလေးလုပ်သား | ၂၀-၂၂ |


## ဇယားများ


| ဇယားအမှတ်စဉ် | ဇယားခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၁။ | အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေနှင့် လုပ်သားအင်အား အခြေအနေ | ၆ |
| ၂။ | အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်အကိုင် အခြေအနေ | ၈-၉ |
| ၃။ | အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အခကြေးငွေရ အလုပ်သမားများ၏ လစဉ်လုပ်ခနှင့် ဝင်ငွေ | ၁၂-၁၃ |
| ၄။ | အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်သူအားလုံး၏ စုစုပေါင်း တစ်လလုပ်ခနှင့် ဝင်ငွေ | ၁၅ |
| ၅။ | အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် လုပ်သားအင်အားအပြည့်အဝ အသုံးမချနိုင်မှု အခြေအနေ | ၁၆ |
| ၆။ | အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားတွင် လုပ်သားအင်အားပြင်ပ ရောက်ရှိနေသူများ အခြေအနေ | ၁၈ |
| ၇။ | အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်သော ကလေးများနှင့် ကလေးလုပ်သား အခြေအနေ | ၂၀-၂၁ |

## Key figures

| | 2018 R1 | 2018 R2 | 2019 R1 | 2019 R2 | 2020 R1 |
|---|---|---|---|---|---|
| **Working-Age Population (million) (15+)** | **36.56** | **36.90** | **37.08** | **37.41** | **37.59** |
| Male | 16.69 | 16.83 | 16.91 | 17.05 | 17.13 |
| Female | 19.87 | 20.07 | 20.17 | 20.36 | 20.46 |
| **Labour Force (million)** | **22.68** | **22.55** | **22.72** | **21.58** | **22.22** |
| Male | 12.82 | 13.02 | 12.76 | 12.88 | 13.16 |
| Female | 9.86 | 9.53 | 9.96 | 8.70 | 9.06 |
| **Employment (million)** | **22.45** | **22.40** | **22.64** | **21.44** | **21.88** |
| Male | 12.71 | 12.95 | 12.72 | 12.80 | 13.01 |
| Female | 9.74 | 9.45 | 9.92 | 8.64 | 8.87 |
| **Labour Force Participation Rate (%)** | **62.0** | **61.1** | **61.3** | **57.7** | **59.1** |
| Male | 76.8 | 77.4 | 75.5 | 75.5 | 76.8 |
| Female | 49.6 | 47.5 | 49.4 | 42.8 | 44.3 |
| **Employment-to-Population Ratio (%)** | **61.4** | **60.7** | **61.1** | **57.3** | **58.2** |
| Male | 76.2 | 76.9 | 75.2 | 75.1 | 75.9 |
| Female | 49.0 | 47.1 | 49.2 | 42.4 | 43.4 |
| **Unemployment Rate (%)** | **1.0** | **0.7** | **0.3** | **0.7** | **1.6** |
| Male | 0.9 | 0.6 | 0.3 | 0.6 | 1.1 |
| Female | 1.2 | 0.8 | 0.4 | 0.8 | 2.2 |
| **Composite rate of Labour Underutilization (%)** | **6.9** | **5.0** | **3.3** | **4.7** | **5.2** |
| Male | 6.6 | 4.5 | 3.0 | 4.8 | 4.1 |
| Female | 7.4 | 5.7 | 3.7 | 4.7 | 6.8 |
| **Youth Unemployment Rate, aged 15-24 (%)** | **1.9** | **2.0** | **0.9** | **2.2** | **5.2** |
| Male | 1.7 | 1.9 | 0.7 | 2.2 | 4.4 |
| Female | 2.1 | 2.2 | 1.1 | 2.1 | 6.2 |
| **Share of wage workers in total Employment (%)** | **37.1** | **31.9** | **34.6** | **35.6** | **39.0** |
| Male | 36.4 | 31.6 | 35.4 | 34.6 | 39.5 |
| Female | 35.3 | 32.2 | 33.6 | 37.1 | 38.2 |
| **Share of Informal Employment in total Employment (%)** | **83.8** | **81.7** | **83.1** | **82.5** | **85.5** |
| Male | 78.3 | 75.7 | 76.4 | 77.1 | 81.3 |
| Female | 91.1 | 90.0 | 91.6 | 90.4 | 91.7 |

## အဓိကအချက်အလက်များ

| | ၂၀၁၈ (ပကြိမ်) | ၂၀၁၈ (ဒုကြိမ်) | ၂၀၁၉ (ပကြိမ်) | ၂၀၁၉ (ဒုကြိမ်) | ၂၀၂၀ (ပကြိမ်) |
|---|---|---|---|---|---|
| **အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ လူဦးရေ (သန်းပေါင်း)** | **၃၆.၅၆** | **၃၆.၉၀** | **၃၇.၀၈** | **၃၇.၄၁** | **၃၇.၅၉** |
| ကျား | ၁၆.၆၉ | ၁၆.၈၃ | ၁၆.၉၁ | ၁၇.၀၅ | ၁၇.၁၃ |
| မ | ၁၉.၈၇ | ၂၀.၀၇ | ၂၀.၁၇ | ၂၀.၃၆ | ၂၀.၄၆ |
| **လုပ်သားအင်အား (သန်းပေါင်း)** | **၂၂.၆၈** | **၂၂.၅၅** | **၂၂.၇၂** | **၂၁.၅၈** | **၂၂.၂၂** |
| ကျား | ၁၂.၈၂ | ၁၃.၀၂ | ၁၂.၇၆ | ၁၂.၈၈ | ၁၃.၁၆ |
| မ | ၉.၈၆ | ၉.၅၃ | ၉.၉၆ | ၈.၇၀ | ၉.၀၆ |
| **အလုပ်လက်ရှိဦးရေ (သန်းပေါင်း)** | **၂၂.၄၅** | **၂၂.၄၀** | **၂၂.၆၄** | **၂၁.၄၄** | **၂၁.၈၈** |
| ကျား | ၁၂.၇၁ | ၁၂.၉၅ | ၁၂.၇၂ | ၁၂.၈၀ | ၁၃.၀၁ |
| မ | ၉.၇၄ | ၉.၄၅ | ၉.၉၂ | ၈.၆၄ | ၈.၈၇ |
| **လုပ်သားအင်အားပါဝင်မှုနှုန်း (%)** | **၆၂.၀** | **၆၁.၁** | **၆၁.၃** | **၅၇.၇** | **၅၉.၁** |
| ကျား | ၇၆.၈ | ၇၇.၄ | ၇၅.၅ | ၇၅.၅ | ၇၆.၈ |
| မ | ၄၉.၆ | ၄၇.၅ | ၄၉.၄ | ၄၂.၈ | ၄၄.၃ |
| **လူဦးရေတွင် အလုပ်လုပ်သူ ပါဝင်မှုအချိုး (%)** | **၆၁.၄** | **၆၀.၇** | **၆၁.၁** | **၅၇.၃** | **၅၈.၂** |
| ကျား | ၇၆.၂ | ၇၆.၉ | ၇၅.၂ | ၇၅.၁ | ၇၅.၉ |
| မ | ၄၉.၀ | ၄၇.၁ | ၄၉.၂ | ၄၂.၄ | ၄၃.၄ |
| **အလုပ်လက်မဲ့နှုန်း (%)** | **၁.၀** | **၀.၇** | **၀.၃** | **၀.၇** | **၁.၆** |
| ကျား | ၀.၉ | ၀.၆ | ၀.၃ | ၀.၆ | ၁.၁ |
| မ | ၁.၂ | ၀.၈ | ၀.၄ | ၀.၈ | ၂.၂ |
| **စုစုပေါင်း လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်မှု နှုန်း (%)** | **၆.၉** | **၅.၀** | **၃.၃** | **၄.၇** | **၅.၂** |
| ကျား | ၆.၆ | ၄.၅ | ၃.၀ | ၄.၈ | ၄.၁ |
| မ | ၇.၄ | ၅.၇ | ၃.၇ | ၄.၇ | ၆.၈ |
| **အသက် ၁၅-၂၄ နှစ် လူငယ်များ၏ အလုပ်လက်မဲ့နှုန်း (%)** | **၁.၉** | **၂.၀** | **၀.၉** | **၂.၂** | **၅.၂** |
| ကျား | ၁.၇ | ၁.၉ | ၀.၇ | ၂.၂ | ၄.၄ |
| မ | ၂.၁ | ၂.၂ | ၁.၁ | ၂.၁ | ၆.၂ |
| **စုစုပေါင်းအလုပ်လုပ်သူဦးရေတွင် အလုပ်သမားပါဝင်မှု နှုန်း (%)** | **၃၇.၁** | **၃၁.၉** | **၃၄.၆** | **၃၅.၆** | **၃၉.၀** |
| ကျား | ၃၆.၄ | ၃၁.၆ | ၃၅.၄ | ၃၄.၆ | ၃၉.၅ |
| မ | ၃၅.၃ | ၃၂.၂ | ၃၃.၆ | ၃၇.၁ | ၃၈.၂ |
| **စုစုပေါင်းအလုပ်လုပ်သူဦးရေတွင် သမားရိုးကျမဟုတ်သော အလုပ်လုပ်ကိုင်နေသူ ပါဝင်မှုရာခိုင်နှုန်း (%)** | **၈၃.၈** | **၈၁.၇** | **၈၃.၁** | **၈၂.၅** | **၈၅.၅** |
| ကျား | ၇၈.၃ | ၇၅.၇ | ၇၆.၄ | ၇၇.၁ | ၈၁.၃ |
| မ | ၉၁.၁ | ၉၀.၀ | ၉၁.၆ | ၉၀.၄ | ၉၁.၇ |

| | 2018 R1 | 2018 R2 | 2019 R1 | 2019 R2 | 2020 R1 |
|---|---|---|---|---|---|
| **Average monthly wages of Employee ('000 kyat)** | **158.9** | **175.7** | **164.0** | **180.6** | **187.3** |
| Male | 173.9 | 189.7 | 175.7 | 191.5 | 199.0 |
| Female | 137.4 | 156.9 | 148.3 | 165.4 | 169.5 |
| **Total children population aged 5-17 years (million)** | **12.40** | **12.38** | **12.29** | **12.27** | 12.33 |
| Male | 6.15 | 6.14 | 6.10 | 6.09 | 6.12 |
| Female | 6.25 | 6.24 | 6.19 | 6.18 | 6.21 |
| **Working children in total population of children (%)** | **4.9** | **3.6** | **3.8** | **3.2** | 3.0 |
| Male | 5.4 | 4.6 | 4.2 | 3.7 | 3.5 |
| Female | 4.4 | 2.6 | 3.4 | 2.7 | 2.5 |
| **Child Labour in total population of children (%)** | **3.4** | **2.8** | **2.9** | **2.2** | 2.3 |
| Male | 3.9 | 3.6 | 3.2 | 2.4 | 2.8 |
| Female | 2.9 | 2.0 | 2.5 | 2.0 | 1.9 |

| | ၂၀၁၈ (ပကြိမ်) | ၂၀၁၈ (ဒုကြိမ်) | ၂၀၁၉ (ပကြိမ်) | ၂၀၁၉ (ဒုကြိမ်) | ၂၀၂၀ (ပကြိမ်) |
|---|---|---|---|---|---|
| **အလုပ်သမားများ၏ ပျမ်းမျှတစ်လလုပ်ခ ('၀၀၀ ကျပ်)** | **၁၅၈.၉** | **၁၇၅.၇** | **၁၆၄.၀** | **၁၈၀.၆** | **၁၈၇.၃** |
| ကျား | ၁၇၃.၉ | ၁၈၉.၇ | ၁၇၅.၇ | ၁၉၁.၅ | ၁၉၉.၀ |
| မ | ၁၃၇.၄ | ၁၅၆.၉ | ၁၄၈.၃ | ၁၆၅.၄ | ၁၆၉.၅ |
| **အသက် ၅-၁၇ နှစ် ကလေးဦးရေ စုစုပေါင်း (သန်းပေါင်း)** | **၁၂.၄၀** | **၁၂.၃၈** | **၁၂.၂၉** | **၁၂.၂၇** | **၁၂.၃၃** |
| ကျား | ၆.၁၅ | ၆.၁၄ | ၆.၁၀ | ၆.၀၉ | ၆.၁၂ |
| မ | ၆.၂၅ | ၆.၂၄ | ၆.၁၉ | ၆.၁၈ | ၆.၂၁ |
| **ကလေးဦးရေစုစုပေါင်းတွင် အလုပ်လုပ်သော ကလေးပါဝင်မှု ရာခိုင်နှုန်း (%)** | **၄.၉** | **၃.၆** | **၃.၈** | **၃.၂** | **၃.၀** |
| ကျား | ၅.၄ | ၄.၆ | ၄.၂ | ၃.၇ | ၃.၅ |
| မ | ၄.၄ | ၂.၆ | ၃.၄ | ၂.၇ | ၂.၅ |
| **ကလေးဦးရေ စုစုပေါင်းတွင် ကလေးလုပ်သား ပါဝင်မှု ရာခိုင်နှုန်း(%)** | **၃.၄** | **၂.၈** | **၂.၉** | **၂.၂** | **၂.၃** |
| ကျား | ၃.၉ | ၃.၆ | ၃.၂ | ၂.၄ | ၂.၈ |
| မ | ၂.၉ | ၂.၀ | ၂.၅ | ၂.၀ | ၁.၉ |

**Sample Design**

The sample design is based on a two-stage stratified sampling method. Rural and Urban units from each Union Territory, Region and State are treated as basic stratum. As there are 7 Regions, 7 States and one Union Territory in the country, the total number of basic stratum are 30 [(7+7+1) x 2].

The Annual Labour Force Survey is collected twice a year in order to gather Labour Market Information in high and low seasons. The first round of the survey (R1) was collected from January to March but the second round (R2) could not be conducted from September to November due to the spread of COVID-19 Pandemic in Myanmar. Considering the cost, time, and human resources, the targeted sample size in terms of First Stage Units (FSUs) is determined as 780 enumeration areas (EAs) per each round, while 18 households are selected for each enumeration areas (EAs) and 14,040 households in total are expected to be surveyed. The 7 EAs of townships in Union Territory, Regions and States purposely excluded from the survey for security reasons were listed below:

| No | Union Territory/ Regions/ States | Township | Ward/ Village |
|---|---|---|---|
| 1 | Chin | Paletwa Township | Pyin Ngu Villlage |
| | | Paletwa Township | Lae Hla Village |
| 2 | Rakhine | Buthidaung Towship | AwRaMa Village |
| | | Maungdaw Towship | Ye Aung Sein Village |
| | | Maungdaw Towship | U Daung Village |
| | | Maungdaw Towship | Myaw Taung Village |
| 3 | Shan | Ming Lar Towship | No.3 Ward |

When allocating of FSUs among urban and rural areas, urban area was given higher weight to rural area as 1.5 to 1.0 considering the higher heterogeneity among the employment characteristics in urban area and its relatively low population size. As the proportion of the urban population in the Yangon region was higher, equal weight was given urban and rural areas at 1:1. Furthermore, with a view to producing both domain-level and national-level estimates, the allocation was made in proportion to the square-root of the population size.

**နမူနာဒီဇိုင်း**

နမူနာဒီဇိုင်းသည် နှစ်ဆင့်အလွှာခွဲနမူနာကောက်နည်း (Two Stage Stratification Sampling Method) ဖြစ်ပါသည်။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီ၏ ကျေးလက် (သို့) မြို့ပြကို အခြေခံအလွှာ (stratum) အဖြစ် သတ်မှတ်ပါသည်။ မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး (၇) ခု၊ ပြည်နယ် (၇) ခု၊ ပြည်ထောင်စုနယ်မြေ (၁) ခု ရှိသည့်အတွက် စုစုပေါင်း အခြေခံအလွှာ (၇+၇+၁)*၂= ၃၀ ရှိပါသည်။

နှစ်စဉ်လုပ်သားအင်အားစစ်တမ်းကို ရာသီချိန်နှင့် ရာသီချိန်ပြင်ပရှိ လုပ်သားဈေးကွက်သတင်းအချက်အလက်ရရှိရန် ရည်ရွယ်ပြီး တစ်နှစ်လျှင်နှစ်ကြိမ် ကောက်ယူခြင်းဖြစ်ပါသည်။ စစ်တမ်း(ပထမအကြိမ်)ကို ဇန်နဝါရီလမှ မတ်လထိ နှင့် ဒုတိယအကြိမ်ကို စက်တင်ဘာလမှ နိုဝင်ဘာလထိ ကောက်ယူရန် သတ်မှတ်ထားသော်လည်း မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါပျံ့နှံ့မှုကြောင့် စစ်တမ်း (ဒုတိယအကြိမ်)ကို ကောက်ယူနိုင်ခြင်းမရှိပါ။ စစ်တမ်းကောက်ယူရန် ကုန်ကျစရိတ်၊ အချိန်နှင့်လူ့စွမ်းအားကို ထည့်သွင်းစဉ်းစား၍ တစ်ကြိမ်လျှင် စာရင်းကောက်ကွက် ၇၈၀ ကို နမူနာအရွယ်အဖြစ် သတ်မှတ်ခဲ့ပြီး စစ်တမ်းအတွက် စာရင်းကောက်ကွက်တစ်ကွက်လျှင် နမူနာအိမ်ထောင်စု ၁၈ အိမ်ကို ရွေးချယ်ကောက်ယူ၍ စုစုပေါင်း နမူနာအိမ်ထောင်စု ၁၄,၀၄၀ ကို ကောက်ယူရန်သတ်မှတ်ခဲ့ပါသည်။ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ နယ်မြေလုံခြုံမှုအခြေအနေအရ ကောက်ယူနိုင်ခဲ့ခြင်းမရှိသည့် စာရင်းကောက်ကွက် ၇ ကွက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် | ရပ်ကွက်/ ကျေးရွာအုပ်စု |
|---|---|---|---|
| ၁ | ချင်းပြည်နယ် | ပလက်ဝမြို့နယ် | ပြင်ငူကျေးရွာအုပ်စု |
| | | ပလက်ဝမြို့နယ် | လယ်လှကျေးရွာအုပ်စု |
| ၂ | ရခိုင်ပြည်နယ် | ဘူးသီးတောင်မြို့နယ် | သြရမကျေးရွာအုပ်စု |
| | | မောင်တောမြို့နယ် | ရဲအောင်စိန်ကျေးရွာအုပ်စု |
| | | မောင်တောမြို့နယ် | ဥဒေါင်းကျေးရွာအုပ်စု |
| | | မောင်တောမြို့နယ် | မျှော်တောင်ကျေးရွာအုပ်စု |
| ၃ | ရှမ်းပြည်နယ် | မိုင်းလားမြို့နယ် | အမှတ် (၃) ရပ်ကွက် |

မြို့ပြနှင့်ကျေးလက်ဒေသများတွင် FSUs များအား ခွဲဝေသတ်မှတ်ရန် မြို့ပြဒေသများတွင် လူဦးရေအရွယ်အစားမှာ ပိုမိုနည်းပါးပြီး အလုပ်အကိုင်ဆိုင်ရာ သွင်ပြင်လက္ခဏာများ၏ ကွဲပြားခြားနားမှုမှာ ပိုမိုများပြားသည့်အတွက် ကျေးလက်အား ၁.၀ အလေး (weightage) နှင့် မြို့ပြအား ပိုမိုများပြားသည့် အလေး ၁.၅ (weightage) ဖြင့်သတ်မှတ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့ပြလူဦးရေမှာ များပြားနေကြောင်း တွေ့ရှိရ၍ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့ပြဒေသနှင့် ကျေးလက်ဒေသ၏ အလေး (weight) ကိုမူ ပိုပေးထားခြင်းမရှိဘဲ ၁:၁ ဖြင့် တူညီစွာ အလေးပေးထားပါသည်။ ထို့ပြင် နယ်ပယ်အဆင့် (domain-level) နှင့် နိုင်ငံအဆင့် (national-level) ခန့်မှန်းမှုများကို တွက်ချက်နိုင်ရန် နေရာချထားခွဲဝေမှုကို လူဦးရေ အရွယ်အစား၏ နှစ်ထပ်ကိန်းရင်းဖြင့် အချိုးညီစွာခွဲဝေပါသည်။

# Concepts and Definitions

## Employment

Persons in *employment* are defined as all those of working age, who during a reference period of seven days, engage in any activity to produce goods or provide services for pay or a kind of profit. They comprise:

- "***Employed persons at work***", i.e. those who worked for at least one-hour long job;
- "***Employed persons not at work***" due to temporary absence from a job or different time arrangements (such as shift work, flexitime and compensatory leave for overtime).

## Unemployment

Persons in *unemployment* are defined as all those of working age who do not have a job but are looking for a job during a specified period and are available to start working if they get a job.

## Labour Force

Persons who are either in employment or in unemployment as defined above constitute the *labour force*. The sum of persons in employment and unemployment equals the labour force.

## Outside Labour Force

Persons *outside labour force* are those of working age that neither in employment nor in unemployment in a short reference period.

## Labour Underutilization

It refers to mismatch between labour supply and demand, which translates into an unmet need for employment among the population. Measures of *labour underutilization* are as below:

(1) ***Time-Related Underemployment***: Based on the amended Factory Act 1951, it refers to those who are willing and available to engage in other work, as their existing working hours is less than 44 hours per week.

## အယူအဆနှင့် အဓိပ္ပာယ်သတ်မှတ်ချက်များ

### အလုပ်လက်ရှိ

အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းခြားရှိသူတစ်ဦးသည် ရည်ညွှန်းကာလ ၇ ရက်အတွင်း လုပ်ခ(သို့) အမြတ်အစွန်းတစ်စုံတစ်ရာဖြင့် ကုန်ပစ္စည်းထုတ်လုပ်ရန်နှင့် ဝန်ဆောင်မှုပေးရန် မည်သည့်အလုပ်ကိုမဆို လုပ်ကိုင်နေသူများကိုအလုပ်လက်ရှိဟုသတ်မှတ်ပါသည်။ အလုပ်လက်ရှိတွင် အောက်ပါတို့ ပါဝင်ပါသည်-

- ***"လုပ်ငန်းခွင်အတွင်း အလုပ်လက်ရှိ"*** ဆိုသည်မှာ အနည်းဆုံး ၁ နာရီကြာ အလုပ်တွင် အလုပ်လုပ်ခဲ့ခြင်း၊
- ***"လုပ်ငန်းခွင်အတွင်းမရှိသော အလုပ်လက်ရှိ"*** ဆိုသည်မှာ အလုပ်မှယာယီပျက်ကွက်နေသူ (သို့) အလုပ်လုပ်သည့် အချိန်ကိုစီစဉ်ထားခြင်း (အဆိုင်းဖြင့် အလုပ်လုပ်ချိန်၊ စုစုပေါင်းအလုပ်ချိန်ကို မထိခိုက်စေဘဲ လွှဲပြောင်းထားသော အလုပ်ချိန်၊ အချိန်ပိုလုပ်ကိုင်ခြင်းကြောင့် အစားထိုးရရှိသည့် ခွင့်ကာလခံစားချိန်၊ အလုပ်မှပျက်ကွက်နေသူ။)

### အလုပ်လက်မဲ့

အလုပ်လက်မဲ့ဟု သတ်မှတ်နိုင်ရန်မှာ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ အလုပ်မရှိသောသူများသည် သတ်မှတ်သည့် အချိန်ကာလအတွင်း အလုပ်ရရှိရန်ရှာဖွေနေပြီး အလုပ်အကိုင်ရရှိပါက စတင်လုပ်ကိုင်ရန် အဆင်သင့်ဖြစ်နေသူများကိုဆိုလိုပါသည်။

### လုပ်သားအင်အား

အထက်တွင် အဓိပ္ပာယ်ဖော်ပြထားသော အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့များသည် လုပ်သားအင်အားတွင် ပါဝင်ပါသည်။ အလုပ်လက်ရှိဦးရေနှင့် အလုပ်လက်မဲ့ဦးရေကို ပေါင်းခြင်းသည် လုပ်သားအင်အားနှင့် ညီမျှပါသည်။

### လုပ်သားအင်အားပြင်ပတွင်ရှိသူ

အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားတွင်ရှိပြီး ရည်ညွှန်းကာလတိုအတွင်း အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့တွင် မပါဝင်သူများကို လုပ်သားအင်အားပြင်ပတွင်ရှိသူဟု သတ်မှတ်ပါသည်။

### လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်း

လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်ခြင်းဆိုသည်မှာ လုပ်သားဖြည့်ဆည်းမှုနှင့် လုပ်သားလိုအပ်ချက်များအကြား လိုက်ဖက်မညီခြင်း၊ တနည်းအားဖြင့် လူဦးရေအတွက် အလုပ်အကိုင်လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်မှု မရှိခြင်းကို ဆိုလိုပါသည်။ လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်ခြင်းကို တိုင်းတာရာတွင် အောက်ပါတို့ ပါဝင်ပါသည်-

(၁) ***အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက်အလုပ်လက်မဲ့*** - ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ လူတစ်ယောက်၏ တစ်ပတ်အလုပ်ချိန်သည် ၄၄ နာရီထက် လျော့နည်းနေသည့်အတွက် အခြားအလုပ်တစ်ခုကို လုပ်ကိုင်လိုစိတ်ရှိပြီး အလုပ်လုပ်ရန် အဆင်သင့်ဖြစ်နေသူ၊

(2) *Unemployment*: It refers to an unemployed person who is currently searching for and available for the job;

(3) *Potential Labour Force* : It refers to an unemployed person who is willing to work, but being in a condition limited to their job search and/or availability.

**Child**

In accordance with the ILO Worst Forms of Child Labour Convention No. 182 (1999) and the United Nations Convention on the Rights of the Child, a *child* is defined as an individual under 18 years of age. For this survey, the target population for measuring child labour include all persons in the age group from 5 to 17 years, where age is measured as the number of completed years at the child's last birthday.

**Child Labour**

In Myanmar, there is no official definition of *child labour,* yet. Therefore, the definition referred in this survey is in accordance with the 18$^{th}$ International Conference of Labour Statisticians (18$^{th}$ ICLS) resolution, the amended articles by 1951 Factory Act and the 2016 Shops and Establishments Law, where working children of the following types are considered as Child Labour:

(1) Age 5 years and under 18 years engaged in hazardous work for pay or profit for at least one hour per week or working in the night time (6 p.m. to 6 a.m.) for pay or profit;

OR

(2) Age between 5 years and under 14 years and engaged for at least one hour per week for pay or profit;

OR

(3) Age between 14 years and under 16 years and engaged for more than 24 hours per week for pay or profit;

OR

(4) Age between 16 years and under 18 years and engaged in work more than 44 hours a week for pay or profit.

In this report, the rest of working children are not regarded as child labour and are labelled as "working children other than child labour".

(၂) ***အလုပ်လက်မဲ့*** - အလုပ်မရှိသူတစ်ဦးသည် လတ်တလောအချိန်အတွင်း အလုပ်ရှာဖွေနေပြီး အဆိုပါအလုပ်ကို လုပ်ကိုင်ရန်အတွက် အဆင်သင့်ရှိနေသူ၊

(၃) ***ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား*** - အလုပ်အကိုင်မရှိသူတစ်ဦးသည် အလုပ်လုပ်ရန် ဆန္ဒရှိသော်လည်း ၎င်းအနေဖြင့် အလုပ်ရှာဖွေရန်နှင့်/သို့မဟုတ် အဆင်သင့်ဖြစ်မှုအတွက် အခြေအနေကန့်သတ်ချက်ရှိနေခြင်းကိုရည်ညွှန်းပါသည်။

**ကလေး**

ILO ၏ အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားခိုင်းစေခြင်း ပြဋ္ဌာန်းချက်အမှတ် ၁၈၂ (၁၉၉၉ ခုနှစ်) နှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂပြဋ္ဌာန်းချက်နှင့်အညီ ကလေးအဖြစ် အသက် ၁၈ နှစ်အောက် လူတစ်ဦးကို သတ်မှတ်ပါသည်။ ဤစစ်တမ်းတွင် ကလေးလုပ်သားတိုင်းတာရန်အတွက် ရည်မှန်းချက်ဦးရေမှာ အသက်အုပ်စု အသက် ၅ နှစ်မှ ၁၇ နှစ်အတွင်းရှိသူများအားလုံးပါဝင်ပြီး အသက်ကိုတိုင်းတာရာတွင် ကလေး၏ လွန်ခဲ့သောမွေးနေ့က ပြည့်ပြီးအသက်နှစ်ဖြင့် တိုင်းတာပါသည်။

**ကလေးလုပ်သား**

မြန်မာနိုင်ငံတွင်ကလေးလုပ်သား၏ တရားဝင်အနက်အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသေးပါ။ ထို့ကြောင့် စစ်တမ်းတွင် အသုံးပြုထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ၁၈ ကြိမ်မြောက် လုပ်သားဆိုင်ရာ စာရင်းအင်းပညာရှင်များညီလာခံမှ ချမှတ်ထားသော ဆုံးဖြတ်ချက်များ၊ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့်အလုပ်ဌာနများ ဥပဒေအရ အောက်တွင်ဖော်ပြထားသော ပုံစံများတွင် အလုပ်လုပ်သောကလေးများကို ကလေးလုပ်သားအဖြစ် သတ်မှတ်ပါသည် -

(၁) အသက် ၅ နှစ်မှ ၁၈ နှစ်အောက်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် အန္တရာယ်ရှိသောအလုပ်များတွင် တစ်ပတ်လျှင်အနည်းဆုံးတစ်နာရီ လုပ်ကိုင်ခြင်း သို့မဟုတ် ညအချိန်များ (ည ၆ နာရီမှ နံနက် ၆ နာရီ) အတွင်း အလုပ်လုပ်ခြင်း၊

(သို့မဟုတ်)

(၂) အသက် ၅ နှစ်မှ ၁၄ နှစ်အောက်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် တစ်ပတ်လျှင် အနည်းဆုံးတစ်နာရီလုပ်ကိုင်ခြင်း၊

(သို့မဟုတ်)

(၃) အသက် ၁၄ နှစ်မှ ၁၆ နှစ်အောက်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် တစ်ပတ်လျှင် ၂၄ နာရီထက်ပို၍ လုပ်ကိုင်ခြင်း၊

(သို့မဟုတ်)

(၄) အသက် ၁၆ နှစ်မှ ၁၈ နှစ်အောက်ရှိပြီး အခကြေးငွေ သို့မဟုတ် အကျိုးအမြတ်အတွက် တစ်ပတ်လျှင် ၄၄ နာရီထက်ပို၍ လုပ်ကိုင်ခြင်း၊

ကျန်ရှိသည့် အလုပ်လုပ်သောကလေးများကို ဤအစီရင်ခံစာတွင် ကလေးလုပ်သားအဖြစ် မသတ်မှတ်ဘဲ “ကလေးလုပ်သားမဟုတ်သည့်အလုပ်လုပ်နေသောကလေးများ” ဟူ၍ အမည်တပ်ပါသည်။

## Youth

*Youth* means when one is young or in the age range before adulthood. The United Nations (UN), for statistical purposes, defines 'youth', as the individuals between 15-24 years. This UN definition is used in this survey.

## Informal Sector

The *informal sector* consists of unregistered private enterprises engaged in the production of goods or services for sale or barter. Those enterprises typically operate as a small scale, without keeping a complete record on labour and cost as a production input.

## Informal employment

The conceptual framework of *informal employment* adopted by the 17$^{th}$ International Conference of Labour Statisticians (17$^{th}$ ICLS) is used. An employee working as a domestic worker in either a formal or informal sector enterprise or in a household is considered to be in informal employment if their employment relation is, not subjected to national labour law or procedures, income tax, social protection or entitlement to certain employment benefits (for example, compensation for termination of employment, gratuity or earned leave, or sick leave).

## Job

A job is defined as a set of tasks and duties which are carried out by or can be assigned to one person for a single economic unit. Persons may have one or more jobs in a short reference period.

**လူငယ်**

ငယ်ရွယ်သည့် (သို့မဟုတ်) လူလားမြောက်သောအရွယ်သို့ မရောက်ရှိမီ အသက်အပိုင်းအခြားကို လူငယ်ဟုသတ်မှတ်ပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် စာရင်းအင်းဆိုင်ရာ ရည်ရွယ်ချက်အလို့ငှာ အသက် ၁၅-၂၄ နှစ် အသက်အပိုင်းအခြားကို လူငယ်အဖြစ် သတ်မှတ်ထားပါသည်။ ယခုစစ်တမ်းတွင် ဤအဓိပ္ပါယ် သတ်မှတ်ချက်ကို အသုံးပြုထားပါသည်။

**သမားရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍ**

သမားရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍတွင် ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို လဲလှယ် ရောင်းချရန်အတွက် သက်ဆိုင်ရာအစိုးရဌာနများတွင် မှတ်ပုံတင်ထားခြင်းမရှိဘဲ ဆောင်ရွက်နေသော ကိုယ်ပိုင်ပုဂ္ဂလိကလုပ်ငန်းငယ်များ ပါဝင်ပါသည်။ ပုံမှန်အားဖြင့် အဆိုပါလုပ်ငန်းများသည် အဖွဲ့အစည်းငယ် များအဖြစ် ရပ်တည်နေပြီး ထုတ်လုပ်မှုစွမ်းအားစုဖြစ်သည့် လုပ်သားနှင့်ရင်းနှီးမှု ကုန်ကျစရိတ်များကို ပြည့်စုံစွာ စာရင်းဇယားပြုစုထားခြင်း မရှိကြပါ။

**သမားရိုးကျမဟုတ်သော အလုပ်အကိုင်**

၁၇ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ စာရင်းအင်းပညာရှင်များညီလာခံမှ ချမှတ်ထားသော သမားရိုးကျမဟုတ်သော အလုပ်အကိုင်နှင့်ပတ်သက်သည့် အယူအဆများကို အသုံးပြုထားပါသည်။ သမားရိုးကျ သို့မဟုတ် သမားရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍ သို့မဟုတ် ပုဂ္ဂလိကအိမ်ထောင်စုတွင် အိမ်တွင်းအလုပ်သမားအဖြစ် လုပ်ကိုင်နေသူတစ်ဦးသည် ၎င်း၏ အလုပ်အကိုင်ဆက်နွယ်မှုမှာ ပြည်တွင်း အလုပ်သမားရေးရာ ဥပဒေ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ၊ ဝင်ငွေခွန်၊ လူမှုအကာအကွယ်ပေးမှုနှင့် အချို့ သော အလုပ်အကိုင်အကျိုးခံစားခွင့် (ဥပမာအနေဖြင့်-အလုပ်ထုတ်နစ်နာကြေး၊ လုပ်သက်ဆု သို့မဟုတ် လုပ်သက်ခွင့် သို့မဟုတ် နာမကျန်းခွင့်ကဲ့သို့သော) များနှင့် ကိုက်ညီမှုမရှိပါက သမားရိုးကျမဟုတ်သော အလုပ်လုပ်ကိုင်နေသူအဖြစ် သတ်မှတ်ပါသည်။

**အလုပ်**

အလုပ်ဆိုသည်မှာ စီးပွားရေးလုပ်ငန်းယူနစ်တစ်ခုအတွက် လူတစ်ယောက်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို ဆိုလိုခြင်းဖြစ်ပါသည်။ လူတစ်ယောက်တွင် ရည်ညွှန်းကာလတိုအတွင်း လုပ်ငန်း တစ်ခု (သို့) တစ်ခုထက်ပို၍ ရှိနိုင်ပါသည်။

## Occupation

It refers to the kind of work done by a person in a specific job, irrespective of being a self-employed or paid employee. The International Standard Classification of Occupations (ISCO) groups similar kind of occupations together in a hierarchical order. The most recent version was adopted in 2008 and is known as ISCO-08 and it was used in the Labour Force Survey.

## Industry

It refers to the type of economic activity carried out by an establishment, business or organization where a person holds a job, including sole proprietorship. The type of economic activity is determined in accordance with other units or the main goods produced, and services provided for people. The latest amendment of the International Standard Industrial Classification (ISIC Rev-4), which is known as a standard on international industrial classification was used in this survey. An industry may produce or provide several goods and services which do not belong to the same activity code as per ISIC. In such cases, the activity which produces the maximum value of output has been considered for industrial classification.

**အလုပ်အကိုင်အမျိုးအစား**

လူတစ်ဦးသည် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နေသူဖြစ်စေ၊ လုပ်ခလစာဖြင့် လုပ်ကိုင်နေသူဖြစ်စေ အတိအကျ သတ်မှတ်ထားသော အလုပ်တစ်ခုတွင် လုပ်ကိုင်နေရသော အလုပ်အမျိုးအစားကို ရည်ညွှန်းပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်အကိုင်အမျိုးအစားခွဲခြားခြင်း စံချိန်စံညွှန်းကို တူညီသော အလုပ်အကိုင် အုပ်စုများဖြင့် စုစည်းထားပါသည်။ မကြာသေးမီအချိန်က နောက်ဆုံး ပြောင်းလဲမှုကို ၂၀၀၈ ခုနှစ်က ချမှတ်ခဲ့ရာ ISCO-08 အဖြစ်ခေါ်ဆိုပြီး လုပ်သားအင်အားစစ်တမ်းတွင် အဆိုပါ ISCO-08 ကို အသုံးပြုထားပါသည်။

**လုပ်ငန်းအမျိုးအစား**

လူတစ်ဦးအလုပ်လုပ်သည့် ကိုယ်ပိုင်လုပ်ငန်းအပါအဝင် အလုပ်ဌာန၊ စီးပွားရေးလုပ်ငန်း (သို့မဟုတ်) အဖွဲ့အစည်းမှဆောင်ရွက်နေသော စီးပွားရေးလုပ်ဆောင်မှုပုံစံကို ရည်ညွှန်းပါသည်။ စီးပွားရေး လုပ်ဆောင်မှုပုံစံကို အခြားယူနစ်များ (သို့မဟုတ်) လူများအတွက် အဓိကကုန်ပစ္စည်းများထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုများ ပံ့ပိုးဆောင်ရွက်ပေးခြင်းအရ သတ်မှတ်ပါသည်။ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း အမျိုးအစားခွဲခြားခြင်း စံချိန်စံညွှန်းအဖြစ် လူသိများပြီး နောက်ဆုံးပြင်ဆင်ချက်ဖြစ်သော အပြည်ပြည်ဆိုင်ရာ စီးပွားရေး လုပ်ငန်း အမျိုးအစားခွဲခြားခြင်း စံချိန်စံညွှန်း (ပြင်ဆင်ချက်-၄) ကို ယခုစစ်တမ်းတွင် အသုံးပြုထားပါသည်။ လုပ်ငန်း တစ်ခုသည် ISIC ၏ code လုပ်ဆောင်ချက် တစ်ခုထဲမှမဟုတ်ဘဲ ကုန်စည်ဆောင်ရွက်မှုများကို ထုတ်လုပ်ခြင်း (သို့မဟုတ်) ပေးအပ်ခြင်း ပြုလုပ်နိုင်ပါသည်။ ဤသို့သော အခြေအနေတွင် အများဆုံးတန်ဖိုး ထုတ်လုပ်သည့် လုပ်ဆောင်ချက်ကိုသာ လုပ်ငန်း/ လုပ်ငန်းအမျိုးအစား ခွဲခြားရန် ယူဆသတ်မှတ်ရမည် ဖြစ်သည်။

## 1. Population and Labour Force

### Table 1. Working Age Population and Labour Force by age group, sex, and urban/rural

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| **Working-Age Population (million)** | **17.13** | **20.46** | **11.49** | **26.10** | **37.59** |
| *By age* | | | | | |
| 15-24 | 4.25 | 4.58 | 2.61 | 6.22 | 8.83 |
| 25-34 | 3.60 | 4.23 | 2.25 | 5.58 | 7.83 |
| 35-44 | 3.30 | 3.83 | 2.18 | 4.95 | 7.13 |
| 45-54 | 2.71 | 3.29 | 1.93 | 4.07 | 6.00 |
| 55-64 | 1.92 | 2.47 | 1.43 | 2.96 | 4.39 |
| 65+ | 1.35 | 2.06 | 1.09 | 2.32 | 3.41 |
| **Labour Force (million)** | **13.16** | **9.06** | **6.60** | **15.62** | **22.22** |
| *By age* | | | | | |
| 15-24 | 2.15 | 1.73 | 1.07 | 2.81 | 3.88 |
| 25+ | 11.01 | 7.33 | 5.53 | 12.81 | 18.34 |
| *By education (% distribution)* | | | | | |
| Completed primary and below | 57.2 | 60.7 | 36.1 | 69.6 | 59.1 |
| Completed secondary | 19.3 | 16.1* | 20.6* | 16.2 | 17.6 |
| Completed High and above | 22.7 | 22.6 | 42.7 | 13.5 | 22.6* |
| Other | 0.8 | 0.6 | 0.6 | 0.7 | 0.7 |
| **Labour Force Participation Rate (%)** | **76.8** | **44.3** | **57.5** | **59.8** | **59.1** |
| *By age* | | | | | |
| 15-24 | 50.6 | 37.8 | 40.9 | 45.3 | 44.0 |
| 25+ | 85.5 | 46.2 | 62.3 | 64.4 | 63.8 |

*Source: Annual Labour Force Survey, 1st Semi-Annual 2020*

*Note: * Denotes high relative standard error from too few observations (<50 cases)*

According to the First Semi-Annual Labour Force Survey-2020, the Working-Age Population (aged 15+) was 37.59 million and among them, female constituted 54.4 percent while male accounted for 45.6 percent. In terms of the spatial distribution of the working-age population, 69.4 percent was found in rural area while 30.6 percent was located in urban area. The percentage of younger age group was relatively high among the distribution of the working-age population by 10-year age intervals.

## ၁။ လူဦးရေနှင့်လုပ်သားအင်အား

**ဇယား-၁။ အသက်အုပ်စု၊ ကျား ၊ မ နှင့် မြို့ပြ ၊ ကျေးလက်အလိုက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေနှင့် လုပ်သားအင်အားအခြေအနေ**

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| **အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ (သန်းပေါင်း)** | **၁၇.၁၃** | **၂၀.၄၆** | **၁၁.၄၉** | **၂၆.၁၀** | **၃၇.၅၉** |
| ***အသက်အပိုင်းအခြားအလိုက်*** | | | | | |
| ၁၅-၂၄ | ၄.၂၅ | ၄.၅၈ | ၂.၆၁ | ၆.၂၂ | ၈.၈၃ |
| ၂၅-၃၄ | ၃.၆၀ | ၄.၂၃ | ၂.၂၅ | ၅.၅၈ | ၇.၈၃ |
| ၃၅-၄၄ | ၃.၃၀ | ၃.၈၃ | ၂.၁၈ | ၄.၉၅ | ၇.၁၃ |
| ၄၅-၅၄ | ၂.၇၁ | ၃.၂၉ | ၁.၉၃ | ၄.၀၇ | ၆.၀၀ |
| ၅၅-၆၄ | ၁.၉၂ | ၂.၄၇ | ၁.၄၃ | ၂.၉၆ | ၄.၃၉ |
| ၆၅+ | ၁.၃၅ | ၂.၀၆ | ၁.၀၉ | ၂.၃၂ | ၃.၄၁ |
| **လုပ်သားအင်အား(သန်းပေါင်း)** | **၁၃.၁၆** | **၉.၀၆** | **၆.၆၀** | **၁၅.၆၂** | **၂၂.၂၂** |
| ***အသက်အပိုင်းအခြားအလိုက်*** | | | | | |
| ၁၅-၂၄ | ၂.၁၅ | ၁.၇၃ | ၁.၀၇ | ၂.၈၁ | ၃.၈၈ |
| ၂၅+ | ၁၁.၀၁ | ၇.၃၃ | ၅.၅၃ | ၁၂.၈၁ | ၁၈.၃၄ |
| ***ပညာအရည်အချင်းအလိုက် (ပျံ့နှံ့မှုရာခိုင်နှုန်း)*** | | | | | |
| မူလတန်းအဆင့်နှင့်အောက် | ၅၇.၂ | ၆၀.၇ | ၃၆.၁ | ၆၉.၆ | ၅၉.၁ |
| အလယ်တန်းအဆင့် | ၁၉.၃ | ၁၆.၁* | ၂၀.၆* | ၁၆.၂ | ၁၇.၆ |
| အထက်တန်းအဆင့်နှင့်အထက် | ၂၂.၇ | ၂၂.၆ | ၄၂.၇ | ၁၃.၅ | ၂၂.၆* |
| အခြား | ၀.၈ | ၀.၆ | ၀.၆ | ၀.၇ | ၀.၇ |
| **လုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်း** | **၇၆.၈** | **၄၄.၃** | **၅၇.၅** | **၅၉.၈** | **၅၉.၁** |
| ***အသက်အပိုင်းအခြားအလိုက်*** | | | | | |
| ၁၅-၂၄ | ၅၀.၆ | ၃၇.၈ | ၄၀.၉ | ၄၅.၃ | ၄၄.၀ |
| ၂၅+ | ၈၅.၅ | ၄၆.၂ | ၆၂.၃ | ၆၄.၄ | ၆၃.၈ |

*ဇာစ်မြစ်။ ၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)*
*မှတ်ချက်။ * နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် နှိုင်းယှဉ်စံမှားယွင်းမှုနှုန်း မြင့်မားနိုင်ပါသည်။*

၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်) အရ အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိလူဦးရေ ၃၇.၅၉ သန်းရှိပြီး၊ အမျိုးသမီးပါဝင်မှု ၅၄.၄% နှင့် အမျိုးသားပါဝင်မှု ၄၅.၆% ဖြစ်ပါသည်။ မြို့ပြ၊ ကျေးလက် နှိုင်းယှဉ်ကြည့်ပါက အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိလူဦးရေ၏ ၆၉.၄% သည် ကျေးလက်ဒေသတွင် နေထိုင်ကြပြီး၊ မြို့ပြဒေသတွင် ၃၀.၆% ရှိပါသည်။ အလုပ်လုပ်ကိုင်နိုင်သော လူဦးရေပျံ့နှံ့မှုကို ၁၀ နှစ်ခြား အသက်အုပ်စုအလိုက် ကြည့်ပါက ငယ်ရွယ်သော အသက်အုပ်စုများတွင် ပိုမိုမြင့်မားပါသည်။

The total labour force was 22.22 million where 17.5 percent was constituted by youth and 82.5 percent by adult. The youth participation 3.88 million in the labour force was lower than adult 18.34 million. However, the difference between female participation rates for both youth and adult were the smallest where youth female accounted for 37.8 percent and adult female 46.2 percent. In contrast, male labour force participation rate for youth and adult was significantly different, where youth male accounted for 50.6 percent and adult male 85.5 percent.

Among the working age population, 59.1 percent was in the labour force participation rate and the remaining 40.9 percent was out of the labour force. The labour force participation rate was at 76.8 percent for male and 44.3 percent for female. The labour force participation rate was higher in rural area than urban area where rural area accounted for 59.8 percent and urban area 57.5 percent.

In terms of the distribution of labour force by educational attainment, the highest was completed primary and below which accounted for 59.1 percent, followed by 22.6 percent of completed high and above, 17.6 percent of completed secondary and 0.7 percent of the other educational attainment respectively. Although there was similarity between male and female in terms of educational distribution, with regards to attaining the higher level of education, the proportion was higher in urban compared to rural.

လုပ်သားအင်အား ၂၂.၂၂ သန်းတွင် လူငယ်ပါဝင်မှုရာခိုင်နှုန်းမှာ ၁၇.၅% ၊ အရွယ်ရောက်ပြီးသူပါဝင်မှု ရာခိုင်နှုန်း ၈၂.၅% ရှိသည်ကို တွေ့ရှိရပါသည်။ လူငယ်များ၏ လုပ်သားအင်အား ၃.၈၈ သန်းသည် အရွယ်ရောက်ပြီးသူများ၏ လုပ်သားအင်အား ၁၈.၃၄ သန်းထက် နည်းပါးပါသည်။ လုပ်သားအင်အားပါဝင်မှု ရာခိုင်နှုန်းတွင် လူငယ်အမျိုးသမီး ၃၇.၈% နှင့် အရွယ်ရောက်ပြီးသူအမျိုးသမီး ၄၆.၂% ဖြင့် အနည်းငယ်သာ ကွာခြားသည်ကို တွေ့ရှိရသော်လည်း လူငယ်အမျိုးသားနှင့် အရွယ်ရောက်ပြီးသူ အမျိုးသားများ၏ လုပ်သား အင်အားပါဝင်မှုနှုန်းသည် ၅၀.၆% နှင့် ၈၅.၅% ဖြစ်၍ သိသာစွာ ကွာခြားမှုရှိကြောင်း တွေ့ရှိရပါသည်။

နိုင်ငံ၏ အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိလူဦးရေတွင် လုပ်သားအင်အားပါဝင်မှုနှုန်း သည် ၅၉.၁% ဖြစ်ပြီး ၄၀.၉% သည် လုပ်သားအင်အားပြင်ပတွင်ရှိနေကြောင်း တွေ့ရပါသည်။ အမျိုးသား များ၏ လုပ်သားအင်အားပါဝင်မှုရာခိုင်နှုန်းသည် ၇၆.၈%၊ အမျိုးသမီးများ၏ ပါဝင်မှုရာခိုင်နှုန်း ၄၄.၃% ရှိပြီး၊ ကျေးလက်တွင် လုပ်သားအင်အားပါဝင်မှုနှုန်း ၅၉.၈% နှင့် မြို့ပြတွင် လုပ်သားအင်အားပါဝင်မှုနှုန်း ၅၇.၅% ရှိကြောင်း တွေ့ရှိရပါသည်။

ပညာရေးပြီးမြောက်မှုအဆင့်အလိုက် လုပ်သားအင်အားပါဝင်မှုအခြေအနေကို ကြည့်ပါက မူလတန်း အဆင့်နှင့်အောက် ၅၉.၁%၊ အထက်တန်းအဆင့်နှင့်အထက် ၂၂.၆%၊ အလယ်တန်းအဆင့် ၁၇.၆% နှင့် အခြားပညာရေးအဆင့်ပြီးမြောက်သူ ၀.၇% ဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ပျံ့နှံ့မှုပုံစံသည် ကျား၊ မ အကြား တူညီမှုရှိသော်လည်း မြို့ပြ၊ ကျေးလက် အကြားတွင်မူ အထက်တန်းအဆင့်နှင့်အထက် ပြီးမြောက်မှု တွင် မြို့ပြသည် ကျေးလက်ထက် သိသာစွာမြင့်မားကြောင်း တွေ့ရှိရပါသည်။

## 2. Employment and Job Quality

**Table 2. Employment by age group, sex, and urban/rural**

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| **Employment (million)** | 13.01 | 8.87 | 6.49 | 15.39 | 21.88 |
| *By age* | | | | | |
| 15-24 | 2.06 | 1.63 | 1.02 | 2.67 | 3.69 |
| 25+ | 10.95 | 7.24 | 5.47 | 12.72 | 18.19 |
| *By broad industry (% distribution)* | | | | | |
| Agriculture | 50.5 | 38.1 | 7.0 | 61.7 | 45.5 |
| Industry | 19.2 | 18.5 | 27.5 | 15.3 | 18.9 |
| Services | 30.3 | 43.4 | 65.5 | 23.0 | 35.6 |
| *By economic sector (% distribution)* | | | | | |
| Agriculture, forestry and fishing | 50.5 | 38.1 | 7.0 | 61.7 | 45.5 |
| Mining and quarrying | 1.1 | 0.2* | 0.4 | 0.9 | 0.7 |
| Manufacturing | 9.5 | 16.8 | 19.4 | 9.4 | 12.4 |
| Electricity, gas, steam, etc. | 0.1* | 0.0* | 0.1* | 0.0* | 0.1* |
| Water supply and other | 0.2* | 0.2* | 0.4* | 0.2* | 0.2* |
| Construction | 8.4 | 1.3 | 7.2 | 4.8 | 5.5 |
| Wholesale and retail trade | 12.9 | 27.4 | 35.0 | 11.9 | 18.8 |
| Transportation and storage | 8.8 | 0.5* | 11.0 | 3.1 | 5.4 |
| Accommodation and food services | 1.1 | 2.8 | 3.6 | 1.0 | 1.8 |
| Information and communication | 0.2* | 0.1* | 0.5* | 0.0* | 0.2 |
| Financial and insurance activities | 0.4 | 0.9 | 1.8 | 0.1* | 0.6 |
| Real estate activities | 1.2 | 0.8 | 2.2 | 0.6 | 1.1 |
| Professional and technical activities | 0.1* | 0.1* | 0.2* | 0.1* | 0.1* |
| Administrative activities | - | - | - | - | - |
| Public administration and defence | 0.7 | 0.8 | 1.9 | 0.3 | 0.8 |
| Education | 1.2 | 5.4 | 4.4 | 2.2 | 2.8 |
| Human health and social work activities | 0.3 | 0.9 | 1.2 | 0.3* | 0.5 |
| Arts, entertainment and recreation | 0.1* | 0.1* | 0.1* | 0.1* | 0.1* |
| Other service activities | 3.2 | 3.6 | 3.6 | 3.3 | 3.4 |
| Activities of households as employers | 0.0* | 0.0* | 0.0* | 0.0* | 0.0* |
| Activities of extraterritorial | - | 0.0* | - | 0.0* | 0.0* |

*Source: Annual Labour Force Survey, 1st Semi-Annual 2020*

*Note: * Denotes high relative standard error from too few observations (<50 cases)*

*- There is no sample.*

## ၂။ အလုပ်အကိုင်နှင့်အလုပ်၏ အရည်အသွေး

### ဇယား-၂။ အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်အကိုင်အခြေအနေ

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| အလုပ်လက်ရှိဦးရေ (သန်းပေါင်း) | ၁၃.၀၁ | ၈.၈၇ | ၆.၄၉ | ၁၅.၃၉ | ၂၁.၈၈ |
| *အသက်အပိုင်းအခြားအလိုက်* | | | | | |
| ၁၅-၂၄ | ၂.၀၆ | ၁.၆၃ | ၁.၀၂ | ၂.၆၇ | ၃.၆၉ |
| ၂၅+ | ၁၀.၉၅ | ၇.၂၄ | ၅.၄၇ | ၁၂.၇၂ | ၁၈.၁၉ |
| *လုပ်ငန်းကဏ္ဍအလိုက် ပုံ့နှံမှုရာခိုင်နှုန်း* | | | | | |
| လယ်ယာ | ၅၀.၅ | ၃၈.၁ | ၇.၀ | ၆၁.၇ | ၄၅.၅ |
| စက်မှု | ၁၉.၂ | ၁၈.၅ | ၂၇.၅ | ၁၅.၃ | ၁၈.၉ |
| ဝန်ဆောင်မှု | ၃၀.၃ | ၄၃.၄ | ၆၅.၅ | ၂၃.၀ | ၃၅.၆ |
| ***စီးပွားရေးကဏ္ဍအလိုက် ပုံ့နှံမှုရာခိုင်နှုန်း*** | | | | | |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၅၀.၅ | ၃၈.၁ | ၇.၀ | ၆၁.၇ | ၄၅.၅ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၁.၁ | ၀.၂* | ၀.၄ | ၀.၉ | ၀.၇ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၉.၅ | ၁၆.၈ | ၁၉.၄ | ၉.၄ | ၁၂.၄ |
| လျှပ်စစ်၊ ဓါတ်ငွေ့စသည့် | ၀.၁* | ၀.၀* | ၀.၁* | ၀.၀* | ၀.၁* |
| ရေပေးဝေရေးနှင့် အခြား | ၀.၂* | ၀.၂* | ၀.၄* | ၀.၂* | ၀.၂* |
| ဆောက်လုပ်ရေးလုပ်ငန်း | ၈.၄ | ၁.၃ | ၇.၂ | ၄.၈ | ၅.၅ |
| လက်လီနှင့်လက်ကားရောင်းဝယ်ရေးလုပ်ငန်း | ၁၂.၉ | ၂၇.၄ | ၃၅.၀ | ၁၁.၉ | ၁၈.၈ |
| သယ်ယူပို့ဆောင်ရေးနှင့်သိုလှောင်ရေးလုပ်ငန်း | ၈.၈ | ၀.၅* | ၁၁.၀ | ၃.၁ | ၅.၄ |
| တည်းခိုခန်းနှင့် အစားအသောက်ဝန်ဆောင်မှု | ၁.၁ | ၂.၈ | ၃.၆ | ၁.၀ | ၁.၈ |
| သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး | ၀.၂* | ၀.၁* | ၀.၅* | ၀.၀* | ၀.၂ |
| ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်း | ၀.၄ | ၀.၉ | ၁.၈ | ၀.၁* | ၀.၆ |
| အိမ်ခြံမြေဆိုင်ရာလုပ်ငန်းများ | ၁.၂ | ၀.၈ | ၂.၂ | ၀.၆ | ၁.၁ |
| အတတ်ပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်း | ၀.၁* | ၀.၁* | ၀.၂* | ၀.၁* | ၀.၁* |
| စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများ | - | - | - | - | - |
| ပြည်သူ့အုပ်ချုပ်ရေးနှင့်ကာကွယ်ရေး | ၀.၇ | ၀.၈ | ၁.၉ | ၀.၃ | ၀.၈ |
| ပညာရေး | ၁.၂ | ၅.၄ | ၄.၄ | ၂.၂ | ၂.၈ |
| ကျန်းမာရေးနှင့်လူမှုရေးလုပ်ငန်းများ | ၀.၃ | ၀.၉ | ၁.၂ | ၀.၃* | ၀.၅ |
| ပန်းချီ၊ အနုပညာ၊ ဖျော်ဖြေရေးနှင့်အပန်းဖြေရေး | ၀.၁* | ၀.၁* | ၀.၁* | ၀.၁* | ၀.၁* |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၃.၂ | ၃.၆ | ၃.၆ | ၃.၃ | ၃.၄ |
| အိမ်မှုကိစ္စဆိုင်ရာ အိမ်ထောင်စုလုပ်ငန်း | ၀.၀* | ၀.၀* | ၀.၀* | ၀.၀* | ၀.၀* |
| သံတမန်အခွင့်အရေးရ အဖွဲ့အစည်းများ၏လုပ်ငန်းများ | - | ၀.၀* | - | ၀.၀* | ၀.၀* |

*ဓာတ်မြစ်။ ၂၀၂၀ ပြည့်နှစ်၊ မြန်မာနိုင်ငံ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)*

*မှတ်ချက်။ * နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် နှိုင်းယှဉ်စံမှားယွင်းမှုနှုန်း မြင့်မားနိုင်ပါသည်။*

*- နမူနာဦးရေ ပါဝင်လာခြင်းမရှိပါ။*

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| *By employment status (% distribution)* | | | | | |
| Employee | 39.5 | 38.2 | 49.4 | 34.6 | 39.0 |
| Employer | 7.1 | 2.4 | 5.4 | 5.1 | 5.2 |
| Own-account worker | 40.2 | 30.5 | 32.9 | 37.7 | 36.3 |
| Contributing family worker | 13.2 | 28.9 | 12.3 | 22.6 | 19.5 |
| *By occupation (% distribution)* | | | | | |
| Managers | 0.8 | 0.4* | 1.9 | 0.1* | 0.6 |
| Professionals | 1.6 | 5.8 | 5.5 | 2.3 | 3.3 |
| Technicians and associate professionals | 1.5 | 1.0 | 2.8 | 0.7 | 1.3 |
| Clerical support workers | 2.3 | 4.3 | 7.4 | 1.3 | 3.1 |
| Services and sales workers | 13.4 | 30.4 | 37.7 | 12.9 | 20.3 |
| Skilled agricultural, forestry & fishing workers | 40.4 | 27.4 | 5.3 | 47.8 | 35.2 |
| Craft and related trades workers | 13.1 | 13.4 | 17.3 | 11.5 | 13.2 |
| Plant and machine operators and assemblers | 9.3 | 0.6* | 11.2 | 3.5 | 5.8 |
| Elementary occupations | 17.5 | 16.7 | 10.8 | 19.9 | 17.2 |
| Armed forces occupations | 0.1* | - | 0.1* | 0.0* | 0.0* |
| *By informal status (% distribution)* | | | | | |
| Informal Employment | 81.3 | 91.7 | 83.5 | 86.3 | 85.5 |
| Formal Employment | 18.7 | 8.3 | 16.5 | 13.7 | 14.5 |
| Employment in the informal sector | 68.3 | 67.2 | 61.5 | 70.6 | 67.9 |
| Informal employment outside the informal sector | 13.0 | 24.4 | 21.9 | 15.8 | 17.6 |

*Source: Annual Labour Force Survey, 1st Semi-Annual 2020*
*Note: * Denotes high relative standard error from too few observations (<50 cases)*
*- There is no sample.*

According to the survey, 45.5 percent of the employed population was working in agriculture, forestry and fishing sector. It was followed by wholesale and retail trade 18.8 percent, manufacturing 12.4 percent, construction 5.5 percent, transportation and storage 5.4 percent and other service activities 3.4 percent. It was found that less than 3 percent of the employed population was working in each remaining sector.

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| ***အလုပ်အကိုင်အခြေအနေအလိုက်ပျံ့နှံ့မှုရာခိုင်နှုန်း*** | | | | | |
| အလုပ်သမား | ၃၉.၅ | ၃၈.၂ | ၄၉.၄ | ၃၄.၆ | ၃၉.၀ |
| အလုပ်ရှင် | ၇.၁ | ၂.၄ | ၅.၄ | ၅.၁ | ၅.၂ |
| တစ်ပိုင်တစ်နိုင်လုပ်ငန်းလုပ်ကိုင်သူ | ၄၀.၂ | ၃၀.၅ | ၃၂.၉ | ၃၇.၇ | ၃၆.၃ |
| မိသားစုလုပ်ငန်းတွင်ကူညီလုပ်ကိုင်သူ | ၁၃.၂ | ၂၈.၉ | ၁၂.၃ | ၂၂.၆ | ၁၉.၅ |
| ***အလုပ်အကိုင်အုပ်စုအလိုက်ပျံ့နှံ့မှုရာခိုင်နှုန်း*** | | | | | |
| မန်နေဂျာများ | ၀.၈ | ၀.၄* | ၁.၉ | ၀.၁* | ၀.၆ |
| အသက်မွေးဝမ်းကျောင်း ပညာရှင်များ | ၁.၆ | ၅.၈ | ၅.၅ | ၂.၃ | ၃.၃ |
| နည်းပညာနှင့်ကျွမ်းကျင်ပညာရှင်များ | ၁.၅ | ၁.၀ | ၂.၈ | ၀.၇ | ၁.၃ |
| စာရေးလုပ်ငန်းအထောက်အကူပြုလုပ်သားများ | ၂.၃ | ၄.၃ | ၇.၄ | ၁.၃ | ၃.၁ |
| ဝန်ဆောင်မှုနှင့်အရောင်းလုပ်သားများ | ၁၃.၄ | ၃၀.၄ | ၃၇.၇ | ၁၂.၉ | ၂၀.၃ |
| လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများ | ၄၀.၄ | ၂၇.၄ | ၅.၃ | ၄၇.၈ | ၃၅.၂ |
| လက်မှုပညာနှင့်ဆက်စပ်လုပ်သားများ | ၁၃.၁ | ၁၃.၄ | ၁၇.၃ | ၁၁.၅ | ၁၃.၂ |
| စက်ကိရိယာနှင့် စက်ပစ္စည်း ကိုင်တွယ်အသုံးပြုသူများ၊ စုစည်းတပ်ဆင်သူများ | ၉.၃ | ၀.၆* | ၁၁.၂ | ၃.၅ | ၅.၈ |
| အခြေခံအလုပ်အကိုင်များ | ၁၇.၅ | ၁၆.၇ | ၁၀.၈ | ၁၉.၉ | ၁၇.၂ |
| စစ်မှုထမ်းအလုပ်အကိုင်များ | ၀.၁* | - | ၀.၁* | ၀.၀* | ၀.၀* |
| ***လုပ်ငန်းကဏ္ဍအလိုက် အလုပ်အကိုင်ပျံ့နှံ့မှုရာခိုင်နှုန်း*** | | | | | |
| သမားရိုးကျမဟုတ်သော အလုပ်အကိုင် | ၈၁.၃ | ၉၁.၇ | ၈၃.၅ | ၈၆.၃ | ၈၅.၅ |
| သမားရိုးကျအလုပ်အကိုင် | ၁၈.၇ | ၈.၃ | ၁၆.၅ | ၁၃.၇ | ၁၄.၅ |
| သမားရိုးကျမဟုတ်သောလုပ်ငန်းကဏ္ဍရှိ အလုပ်အကိုင် | ၆၈.၃ | ၆၇.၂ | ၆၁.၅ | ၇၀.၆ | ၆၇.၉ |
| သမားရိုးကျမဟုတ်သောလုပ်ငန်းကဏ္ဍ၏ပြင်ပရှိ သမားရိုးကျမဟုတ်သောအလုပ်အကိုင် | ၁၃.၀ | ၂၄.၄ | ၂၁.၉ | ၁၅.၈ | ၁၇.၆ |

*ဇာစ်မြစ်။ ၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)*

*မှတ်ချက်။ * နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် နှိုင်းယှဉ်စံမှားယွင်းမှုနှုန်း မြင့်မားနိုင်ပါသည်။*

*- နမူနာဦးရေ ပါဝင်လာခြင်းမရှိပါ။*

ဤစစ်တမ်းအရ ၄၅.၅% သည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေပြီး၊ လက်လီနှင့် လက်ကားရောင်းဝယ်ရေး လုပ်ငန်းကဏ္ဍတွင် ၁၈.၈%၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းကဏ္ဍတွင် ၁၂.၄%၊ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍတွင် ၅.၅% ၊ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေးလုပ်ငန်းတွင် ၅.၄% နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများတွင် ၃.၄% ရှိသည်ကို တွေ့ရှိရပါသည်။ ကျန်လုပ်ငန်းကဏ္ဍများတွင် ၃% အောက် လျော့နည်းသည်ကို တွေ့ရှိရပါသည်။

The proportion of females employed in industrial sectors such as manufacturing, wholesale and retail trade, and education sector was significantly higher than that of male while the opposite could be found in agriculture, forestry and fishing, construction, transportation and storage sectors.

Based on the region and by distribution of economic sectors, 61.7 percent of employed in agriculture, forestry and fishing sector was working in rural area while the employed population in remaining sectors were higher in urban area except mining and quarrying.

It was found that, among the 15 years and above population, 58.2 percent (Employment to Population Ratio) were employed. Among those who were employed, 39.0 percent was employee, 5.2 percent was employer, 36.3 percent was own account worker and 19.5 percent was contributing family worker, also known as household work.

In urban area, the proportion of employees among the employed population was higher than in rural area while the proportion of own-account worker and contributing family worker among the employed population were higher in rural area. Meanwhile, the proportion of employers among the employed population was fewer in both urban and rural areas.

When comparing the employed by gender, there was a higher male proportion in employer and own-account worker categories while the proportion of females was significantly higher in household work roles. This was suggesting that male was regarded as employer while the female was regarded as a contributing to household work or family business. However, there was a slight difference between male and female in terms of the distribution of employee category.

In terms of occupation types, 35.2 percent of the employed population was working as skilled agricultural, forestry and fishing worker, followed by 20.3 percent as service and sale worker, 17.2 percent as elementary occupation and 13.2 percent as craft and related trade worker.

လုပ်ငန်းကဏ္ဍအလိုက် အလုပ်လုပ်ကိုင်နေသော အမျိုးသမီးပါဝင်မှုမှာ ကုန်ထုတ်လုပ်ငန်း၊ လက်လီနှင့် လက်ကားရောင်းဝယ်ရေးလုပ်ငန်းနှင့် ပညာရေးကဏ္ဍများတွင် အမျိုးသားများထက် သိသိသာသာ မြင့်မားနေပြီး၊ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေးကဏ္ဍတွင် အမျိုးသားများ၏ပါဝင်မှုမှာ ပိုမိုမြင့်မားနေသည်ကို တွေ့ရှိရပါသည်။

မြို့ပြ၊ ကျေးလက်ဒေသအကြား နှိုင်းယှဉ်ကြည့်ပါက ကျေးလက်ဒေသတွင် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် ၆၁.၇% ဖြင့် မြို့ပြထက်မြင့်မားစွာ လုပ်ကိုင်နေသည်ကို တွေ့ရှိရပြီး၊ သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်းမှလွဲ၍ အခြားသောလုပ်ငန်းကဏ္ဍများ၌ မြို့ပြဒေသတွင် ပိုမိုမြင့်မားစွာလုပ်ကိုင်လျက် ရှိသည်ကို တွေ့ရှိရပါသည်။

အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေ၏ ၅၈.၂% (လူဦးရေတွင် အလုပ်လုပ်သူ ပါဝင်မှုအချိုး) သည် အလုပ်လုပ်ကိုင်နေသူများဖြစ်ပြီး၊ အဆိုပါအလုပ်လုပ်ကိုင်နေသူတွင် အလုပ်သမား ၃၉.၀%၊ အလုပ်ရှင် ၅.၂%၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းလုပ်ကိုင်သူ ၃၆.၃% နှင့် မိသားစုလုပ်ငန်းတွင် ကူညီလုပ်ကိုင်သူ ၁၉.၅% ရှိသည်ကို တွေ့ရှိရပါသည်။

မြို့ပြဒေသရှိ အလုပ်လုပ်ကိုင်နေသူဦးရေတွင် အလုပ်သမားများအဖြစ် အလုပ်လုပ်ကိုင်မှုအချိုးသည် ကျေးလက်ဒေသထက် ပိုမိုမြင့်မားပြီး၊ တစ်ပိုင်တစ်နိုင်လုပ်ငန်း လုပ်ကိုင်သူနှင့် မိသားစုလုပ်ငန်းတွင် ကူညီလုပ်ကိုင်သူ ပါဝင်မှုအချိုးသည် ကျေးလက်ဒေသတွင် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ အလုပ်ရှင်အဖြစ် လုပ်ကိုင်သူများ၏ ပါဝင်မှုအချိုးသည် မြို့ပြနှင့် ကျေးလက် နှစ်ခုစလုံးတွင် ပါဝင်မှုနည်းပါးသည်ကို တွေ့ရှိရပါသည်။

အလုပ်လုပ်ကိုင်နေသူများကို ကျား၊ မ အလိုက် နှိုင်းယှဉ်ကြည့်ပါက အလုပ်ရှင်နှင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းလုပ်ကိုင်သူများတွင် အမျိုးသမီးများထက် အမျိုးသားများက ပိုမိုပါဝင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် မိသားစုလုပ်ငန်းတွင် ကူညီလုပ်ကိုင်မှု၌ သိသိသာသာ မြင့်မားသည်ကို တွေ့ရှိရပါသည်။ ဤအချက်ကိုကြည့်ခြင်းအားဖြင့် အိမ်ထောင်စု သို့မဟုတ် မိသားစုလုပ်ငန်းများတွင် အမျိုးသားများကို အလုပ်ရှင်အဖြစ်မှတ်ယူပြီး အမျိုးသမီးများသည် မိသားစုလုပ်ငန်းတွင် ကူညီလုပ်ကိုင်သူများအဖြစ် တွေ့ရှိရပါသည်။ အလုပ်သမားအဖြစ်ပါဝင်မှုပုံစံသည် အမျိုးသားနှင့် အမျိုးသမီးအကြား အနည်းငယ်သာ ကွာခြားသည်ကို တွေ့ရှိရပါသည်။

အဓိကအလုပ်အကိုင်များမှာ လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများ ၃၅.၂%၊ ဝန်ဆောင်မှုနှင့် အရောင်းလုပ်သားများ ၂၀.၃%၊ အခြေခံအလုပ်အကိုင်များ ၁၇.၂% နှင့် လက်မှုပညာနှင့် ဆက်စပ်လုပ်သားများ ၁၃.၂% ဖြစ်ကြောင်း တွေ့ရှိရပါသည်။

Informal employment accounted for 85.5 percent at Union level in which the same as other developing countries. In comparison, the presence of formal employment was higher in urban area than in rural area while the proportion of females employed in informal employment was higher than that of male. At the Union level, the employment in the informal sector accounted for 67.9 percent.

အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ပြည်ထောင်စုအဆင့်တွင် သမားရိုးကျမဟုတ်သော အလုပ်အကိုင်တွင် လုပ်ကိုင်နေမှုသည် အလွန်မြင့်မားပြီး ရာခိုင်နှုန်းအနေဖြင့် ၈၅.၅% ရှိသည်ကို တွေ့ရှိရပါသည်။ သမားရိုးကျအလုပ်အကိုင်လုပ်ကိုင်နေမှုကို မြို့ပြ၊ ကျေးလက် နှိုင်းယှဉ်ရာတွင် မြို့ပြဒေသသည် ကျေးလက်ဒေသထက် ပိုမိုမြင့်မားကြောင်း တွေ့ရပြီး သမားရိုးကျမဟုတ်သောအလုပ်အကိုင် လုပ်ကိုင်နေမှုတွင် ကျား၊ မ နှိုင်းယှဉ်ကြည့်ရာ အမျိုးသမီးပါဝင်မှုသည် အမျိုးသားများထက် အလွန်မြင့်မားနေသည်ကို တွေ့ရှိရပါသည်။ ပြည်ထောင်စုအဆင့် ကြည့်မည်ဆိုပါက သမားရိုးကျမဟုတ်သော လုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေသူ ၆၇.၉% ရှိသည်ကို တွေ့ရှိရပါသည်။

## 3. Wages and Earnings

### Table 3. Monthly Wages and Earnings of wage employees by age group, sex, and urban/rural

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| **Average monthly wages and earnings ('000 kyats)** | **199.0** | **169.5** | **230.4** | **161.3** | **187.3** |
| *By age* | | | | | |
| 15-24 | 169.3 | 160.4 | 184.5 | 155.8 | 165.4 |
| 25+ | 207.2 | 172.7 | 242.6 | 163.2 | 194.0 |
| *By economic sector* | | | | | |
| Agriculture, forestry and fishing | 145.5 | 100.0 | 183.9 | 124.9 | 127.7 |
| Mining and quarrying | 199.1 | 190.4* | 227.5* | 191.1 | 198.4 |
| Manufacturing | 226.3 | 203.2 | 243.0 | 186.9 | 215.1 |
| Electricity, gas, steam, etc. | 186.1* | 284.6* | 228.9* | 169.4* | 198.5* |
| Water supply and other | 200.1* | 196.4* | 185.8* | 213.1* | 198.6* |
| Construction | 198.6 | 172.0 | 218.3 | 182.1 | 196.1 |
| Wholesale and retail trade | 266.8 | 169.0 | 206.0 | 229.9 | 215.4 |
| Transportation and storage | 238.9 | 234.5* | 248.1 | 223.1 | 238.7 |
| Accommodation and food services | 265.7 | 234.3 | 290.6 | 196.0 | 247.4 |
| Information and communication | 229.2* | 237.4* | 238.5* | 174.7* | 231.3* |
| Financial and insurance activities | 312.7* | 286.3 | 297.9 | 286.1* | 296.5 |
| Real estate activities | 216.5 | 220.2 | 234.8 | 184.4 | 217.8 |
| Professional and technical activities | 473.0* | 670.6* | 655.3* | 189.9* | 521.7* |
| Administrative activities | - | - | - | - | - |
| Public administration and defence | 215.5 | 240.4 | 238.3 | 197.2 | 226.7 |
| Education | 205.6 | 200.3 | 216.2 | 189.8 | 201.5 |
| Human health and social work activities | 274.9* | 232.6 | 250.6 | 223.7* | 241.7 |
| Arts, entertainment and recreation | 241.8* | 269.1* | 272.8* | 251.9* | 258.1* |
| Other service activities | 156.3 | 119.5 | 179.3 | 126.7 | 140.9 |
| Activities of households as employers | 140.8* | 343.1* | 399.8* | 159.1* | 274.6* |
| Activities of extraterritorial | - | - | - | - | - |

*Source: Annual Labour Force Survey, 1st Semi-Annual 2020*

*Note: * Denotes high relative standard error from too few observations (<50 cases)*

*- There is no sample.*

## ၃။ လုပ်ခနှင့်ဝင်ငွေရရှိမှု

**ဇယား-၃။ အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက် အလိုက် အခကြေးငွေရ အလုပ်သမားများ၏ လစဉ်လုပ်ခနှင့်ဝင်ငွေ**

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| **လစဉ်ပျမ်းမျှ လုပ်ခလစာ ('၀၀၀ ကျပ်)** | **၁၉၉.၀** | **၁၆၉.၅** | **၂၃၀.၄** | **၁၆၁.၃** | **၁၈၇.၃** |
| ***အသက်အပိုင်းအခြားအလိုက်*** | | | | | |
| ၁၅-၂၄ | ၁၆၉.၃ | ၁၆၀.၄ | ၁၈၄.၅ | ၁၅၅.၈ | ၁၆၅.၄ |
| ၂၅+ | ၂၀၇.၂ | ၁၇၂.၇ | ၂၄၂.၆ | ၁၆၃.၂ | ၁၉၄.၀ |
| ***စီးပွားရေးကဏ္ဍအလိုက်*** | | | | | |
| လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်း | ၁၄၅.၅ | ၁၀၀.၀ | ၁၈၃.၉ | ၁၂၄.၉ | ၁၂၇.၇ |
| သတ္တုတူးဖော်ရေးနှင့် ကျောက်မိုင်းလုပ်ငန်း | ၁၉၉.၁ | ၁၉၀.၄* | ၂၂၇.၅* | ၁၉၁.၁ | ၁၉၈.၄ |
| ကုန်ထုတ်လုပ်မှုလုပ်ငန်း | ၂၂၆.၃ | ၂၀၃.၂ | ၂၄၃.၀ | ၁၈၆.၉ | ၂၁၅.၁ |
| လျှပ်စစ်၊ ဓါတ်ငွေ့စသည့် | ၁၈၆.၁* | ၂၈၄.၆* | ၂၂၈.၉* | ၁၆၉.၄* | ၁၉၈.၅* |
| ရေပေးဝေရေးနှင့် အခြား | ၂၀၀.၁* | ၁၉၆.၄* | ၁၈၅.၈* | ၂၁၃.၁* | ၁၉၈.၆* |
| ဆောက်လုပ်ရေးလုပ်ငန်း | ၁၉၈.၆ | ၁၇၂.၀ | ၂၁၈.၃ | ၁၈၂.၁ | ၁၉၆.၁ |
| လက်လီနှင့်လက်ကားရောင်းဝယ်ရေး | ၂၆၆.၈ | ၁၆၉.၀ | ၂၀၆.၀ | ၂၂၉.၉ | ၂၁၅.၄ |
| သယ်ယူပို့ဆောင်ရေးနှင့်သိုလှောင်ရေး | ၂၃၈.၉ | ၂၃၄.၅* | ၂၄၈.၁ | ၂၂၃.၁ | ၂၃၈.၇ |
| တည်းခိုခန်းနှင့် အစားအသောက် ဝန်ဆောင်မှု | ၂၆၅.၇ | ၂၃၄.၃ | ၂၉၀.၆ | ၁၉၆.၀ | ၂၄၇.၄ |
| သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး | ၂၂၉.၂* | ၂၃၇.၄* | ၂၃၈.၅* | ၁၇၄.၇* | ၂၃၁.၃* |
| ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်း | ၃၁၂.၇* | ၂၈၆.၃ | ၂၉၇.၉ | ၂၈၆.၁* | ၂၉၆.၅ |
| အိမ်ခြံမြေဆိုင်ရာလုပ်ငန်းများ | ၂၁၆.၅ | ၂၂၀.၂ | ၂၃၄.၈ | ၁၈၄.၄ | ၂၁၇.၈ |
| အတတ်ပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်း | ၄၇၃.၀* | ၆၇၀.၆* | ၆၅၅.၃* | ၁၈၉.၉* | ၅၂၁.၇* |
| စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများ | - | - | - | - | - |
| ပြည်သူ့အုပ်ချုပ်ရေးနှင့်ကာကွယ်ရေး | ၂၁၅.၅ | ၂၄၀.၄ | ၂၃၈.၃ | ၁၉၇.၂ | ၂၂၆.၇ |
| ပညာရေး | ၂၀၅.၆ | ၂၀၀.၃ | ၂၁၆.၂ | ၁၈၉.၈ | ၂၀၁.၅ |
| ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်း | ၂၇၄.၉* | ၂၃၂.၆ | ၂၅၀.၆ | ၂၂၃.၇* | ၂၄၁.၇ |
| ပန်းချီ၊ အနုပညာ၊ ဖျော်ဖြေရေးနှင့် အပန်းဖြေရေး | ၂၄၁.၈* | ၂၆၉.၁* | ၂၇၂.၈* | ၂၅၁.၉* | ၂၅၈.၁* |
| အခြားဝန်ဆောင်မှုလုပ်ငန်းများ | ၁၅၆.၃ | ၁၁၉.၅ | ၁၇၉.၃ | ၁၂၆.၇ | ၁၄၀.၉ |
| အိမ်မှုကိစ္စဆိုင်ရာ အိမ်ထောင်စုလုပ်ငန်း | ၁၄၀.၈* | ၃၄၃.၁* | ၃၉၉.၈* | ၁၅၉.၁* | ၂၇၄.၆* |
| သံတမန်အခွင့်အရေးရ အဖွဲ့အစည်းများ၏ လုပ်ငန်းများ | - | - | - | - | - |

*ဇာစ်မြစ်။ ၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)*

*မှတ်ချက်။ * နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက်နှိုင်းယှဉ်စံမှားယွင်းမှုနှုန်း မြင့်မားနိုင်ပါသည်။*

*- နမူနာဦးရေ ပါဝင်လာခြင်းမရှိပါ။*

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| ***By occupation*** | | | | | |
| Managers | 651.2 | 455.3* | 430.5 | 2039.6* | 592.7 |
| Professionals | 252.4 | 212.6 | 250.3 | 198.9 | 223.3 |
| Technicians and associate professionals | 338.6 | 286.4 | 351.0 | 216.7 | 316.7 |
| Clerical support workers | 265.4 | 256.0 | 272.1 | 230.4 | 260.3 |
| Services and sales workers | 218.7 | 174.3 | 205.8 | 174.4 | 194.5 |
| Skilled agricultural, forestry & fishing workers | 146.8 | 98.6 | 205.8 | 128.0 | 131.0 |
| Craft and related trades workers | 196.3 | 182.1 | 207.6 | 181.6 | 192.0 |
| Plant and machine operators and assemblers | 235.4 | 206.3* | 243.9 | 220.8 | 234.3 |
| Elementary occupations | 156.7 | 115.9 | 170.4 | 133.8 | 140.8 |
| Armed forces occupations | 230.1* | - | 239.9* | 204.0* | 230.1* |
| ***By education (% distribution)*** | | | | | |
| Completed primary and below | 168.9 | 125.8 | 183.9 | 145.0 | 153.5 |
| Completed secondary | 188.2 | 156.5 | 198.1 | 165.4 | 178.9 |
| Completed High and above | 264.2 | 230.5 | 268.1 | 207.7 | 247.0 |
| Other | 178.6 | 194.7 | 237.6 | 155.6 | 186.9 |
| ***By informal status*** | | | | | |
| Informal Employment | 197.9 | 167.2 | 229.1 | 161.0 | 185.8 |
| Formal Employment | 239.7 | 237.1 | 251.0 | 196.3 | 238.5 |
| Employment in the informal sector | 191.1 | 152.0 | 216.2 | 159.3 | 177.1 |
| Informal employment outside the informal sector | 225.8 | 199.9 | 252.8 | 167.6 | 212.5 |
| Median monthly wages ('000 Kyats) | 180.0 | 160.0 | 205.0 | 150.0 | 180.0 |

*Source: Annual Labour Force Survey, 1st Semi-Annual 2020*

*Note: * Denotes high relative standard error from too few observations (<50 cases)*

*- There is no sample.*

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| ***အလုပ်အကိုင်အလိုက်*** | | | | | |
| မန်နေဂျာများ | ၆၅၁.၂ | ၄၅၅.၃* | ၄၃၀.၅ | ၂၀၃၉.၆* | ၅၉၂.၇ |
| သက်မွေးဝမ်းကျောင်းပညာရှင်များ | ၂၅၂.၄ | ၂၁၂.၆ | ၂၅၀.၃ | ၁၉၈.၉ | ၂၂၃.၃ |
| နည်းပညာနှင့်ကျွမ်းကျင်ပညာရှင်များ | ၃၃၈.၆ | ၂၈၆.၄ | ၃၅၁.၀ | ၂၁၆.၇ | ၃၁၆.၇ |
| စာရေးလုပ်ငန်းအထောက်အကူပြုလုပ်သား များ | ၂၆၅.၄ | ၂၅၆.၀ | ၂၇၂.၁ | ၂၃၀.၄ | ၂၆၀.၃ |
| ဝန်ဆောင်မှုနှင့်အရောင်းလုပ်သားများ | ၂၁၈.၇ | ၁၇၄.၃ | ၂၀၅.၈ | ၁၇၄.၄ | ၁၉၄.၅ |
| လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများ | ၁၄၆.၈ | ၉၈.၆ | ၂၀၅.၈ | ၁၂၈.၀ | ၁၃၁.၀ |
| လက်မှုပညာနှင့်ဆက်စပ်လုပ်သားများ | ၁၉၆.၃ | ၁၈၂.၁ | ၂၀၇.၆ | ၁၈၁.၆ | ၁၉၂.၀ |
| စက်ကိရိယာနှင့် စက်ပစ္စည်း ကိုင်တွယ်အသုံး ပြုသူများ၊ စုစည်းတပ်ဆင်သူများ | ၂၃၅.၄ | ၂၀၆.၃* | ၂၄၃.၉ | ၂၂၀.၈ | ၂၃၄.၃ |
| အခြေခံအလုပ်အကိုင်များ | ၁၅၆.၇ | ၁၁၅.၉ | ၁၇၀.၄ | ၁၃၃.၈ | ၁၄၀.၈ |
| စစ်မှုထမ်းအလုပ်အကိုင်များ | ၂၃၀.၁* | - | ၂၃၉.၉* | ၂၀၄.၀* | ၂၃၀.၁* |
| ***ပညာအရည်အချင်းအလိုက် (ပျံ့နှံ့မှုရာခိုင်နှုန်း)*** | | | | | |
| မူလတန်းအဆင့်နှင့်အောက် | ၁၆၈.၉ | ၁၂၅.၈ | ၁၈၃.၉ | ၁၄၅.၀ | ၁၅၃.၅ |
| အလယ်တန်းအဆင့် | ၁၈၈.၂ | ၁၅၆.၅ | ၁၉၈.၁ | ၁၆၅.၄ | ၁၇၈.၉ |
| အထက်တန်းအဆင့်နှင့်အထက် | ၂၆၄.၂ | ၂၃၀.၅ | ၂၆၈.၁ | ၂၀၇.၇ | ၂၄၇.၀ |
| အခြား | ၁၇၈.၆ | ၁၉၄.၇ | ၂၃၇.၆ | ၁၅၅.၆ | ၁၈၆.၉ |
| ***သမားရိုးကျမဟုတ်သောအခြေအနေအလိုက်*** | | | | | |
| သမားရိုးကျမဟုတ်သော အလုပ်အကိုင် | ၁၉၇.၉ | ၁၆၇.၂ | ၂၂၉.၁ | ၁၆၁.၀ | ၁၈၅.၈ |
| သမားရိုးကျ အလုပ်အကိုင် | ၂၃၉.၇ | ၂၃၇.၁ | ၂၅၁.၀ | ၁၉၆.၃ | ၂၃၈.၅ |
| သမားရိုးကျမဟုတ်သောကဏ္ဍရှိ အလုပ်အကိုင် | ၁၉၁.၁ | ၁၅၂.၀ | ၂၁၆.၂ | ၁၅၉.၃ | ၁၇၇.၁ |
| သမားရိုးကျမဟုတ်သောကဏ္ဍ၏ပြင်ပရှိ သမားရိုးကျမဟုတ်သော အလုပ်အကိုင် | ၂၂၅.၈ | ၁၉၉.၉ | ၂၅၂.၈ | ၁၆၇.၆ | ၂၁၂.၅ |
| တစ်လလုပ်ခလစာ အလယ်ကိန်း ('၀၀၀ ကျပ်) | ၁၈၀.၀ | ၁၆၀.၀ | ၂၀၅.၀ | ၁၅၀.၀ | ၁၈၀.၀ |

*ဇာစ်မြစ်။ ၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)*

*မှတ်ချက်။ * နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် နှိုင်းယှဉ်စံမှားယွင်းမှုနှုန်း မြင့်မားနိုင်ပါသည်။*

*- နမူနာဦးရေပါဝင်လာခြင်းမရှိပါ။*

The wages and earnings of all employed persons including those with paid employment, either paid or working as employer and self-employed were presented. When calculating the wages and earnings of those with paid employment, the benefits that they received in the last 30 days before the date of the survey were also included as a component of wage.

For those with paid employment, the average monthly earnings was 187.3 thousand kyats. However, the average monthly earnings of adult with paid employment who earned 194.0 thousand kyats was higher than the youth who earned 165.4 thousand kyats. Also, the average monthly earnings of adult was higher than youth in both urban and rural areas.

In terms of economic sectors, the highest earner was those employed in professional and technical activities sector with average earnings monthly accounted for 521.7 thousand kyats and the second-highest earner was those employed in financial and insurance activities sector accounted for 296.5 thousand kyats of the monthly average. The lowest earner was found in agriculture, forestry and fishing sector with average earnings monthly accounted for 127.7 thousand kyats only.

In terms of occupations, managers were the highest earners with an average earnings monthly of 592.7 thousand kyats and persons in skilled agricultural, forestry & fishing workers were the lowest earners with an average earnings monthly of 131.0 thousand kyats.

In observing those with paid employment and employed as an employee, it was found out that the higher that they attained education, the higher that their earnings would be in general. Moreover, the average earnings of those working in the informal sector were less than those working in the formal sector. At the same time, the average earnings of those with informal employment outside the informal sector were higher than those employed in informal sector. The median earning of all paid employees was 180.0 thousand kyats.

အလုပ်လက်ရှိများ၏ လုပ်ခလစာနှင့် ဝင်ငွေရရှိမှုကို လုပ်ခလစာဖြင့် အလုပ်လုပ်ကိုင်နေသူများနှင့် လုပ်ခ၊ လစာ သို့မဟုတ် အလုပ်ရှင်အဖြစ် လုပ်ကိုင်သူများအပါအဝင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ အားလုံးအတွက် ခွဲခြားဖော်ပြထားပါသည်။ လုပ်ခလစာဖြင့် အလုပ်လုပ်ကိုင်နေသူများအတွက် လုပ်ခလစာနှင့် ဝင်ငွေများကို တွက်ချက်ရာတွင် စစ်တမ်းကောက်ယူသည့်နေ့မတိုင်မီ လွန်ခဲ့သောရက် ၃၀ အတွင်း ၎င်းတို့ရရှိခဲ့သည့် အကျိုးခံစားခွင့်များကိုလည်း လုပ်ခလစာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထည့်သွင်းထားပါသည်။

လုပ်ခလစာဖြင့် အလုပ်လုပ်ကိုင်နေသူများ၏ တစ်လပျမ်းမျှဝင်ငွေမှာ ကျပ်ထောင်ပေါင်း ၁၈၇.၃ ဖြစ်ပြီး အရွယ်ရောက်ပြီးသူများ၏ ဝင်ငွေကျပ်ထောင်ပေါင်း ၁၉၄.၀ သည် လူငယ်များ၏ ဝင်ငွေကျပ်ထောင်ပေါင်း ၁၆၅.၄ ထက် လုပ်ခလစာ ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ မြို့ပြဒေသနှင့် ကျေးလက်ဒေသများတွင် အရွယ်ရောက်ပြီးသူများ၏ လုပ်ခလစာသည် လူငယ်များထက် ပိုမိုမြင့်မားပါသည်။

စီးပွားရေးကဏ္ဍများအလိုက် ကြည့်မည်ဆိုပါက အတတ်ပညာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်နေသူများ၏ လုပ်ခလစာသည် ကျပ်ထောင်ပေါင်း ၅၂၁.၇ ဖြင့် အမြင့်ဆုံးဖြစ်ပြီး၊ ငွေရေးကြေးရေးနှင့် အာမခံလုပ်ငန်းလုပ်ကိုင်နေသူများ၏ လုပ်ခလစာသည် ကျပ်ထောင်ပေါင်း ၂၉၆.၅ ဖြင့် ဒုတိယအမြင့်ဆုံးဖြစ်သည်ကိုတွေ့ရှိရပါသည်။ အနိမ့်ဆုံးလုပ်ခလစာရရှိမှုမှာ လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် လုပ်ကိုင်နေသူများဖြစ်ပြီး လုပ်ခလစာမှာ ကျပ်ထောင်ပေါင်း ၁၂၇.၇ သာ ရရှိသည်ကို တွေ့ရှိရပါသည်။

အလုပ်အကိုင်အလိုက် ကြည့်မည်ဆိုပါက မန်နေဂျာများ၏ တစ်လပျမ်းမျှ ဝင်ငွေရရှိမှုသည် ကျပ်ထောင်ပေါင်း ၅၉၂.၇ ဖြင့် အများဆုံးရရှိပြီး လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်း ကျွမ်းကျင်လုပ်သားများ၏ လုပ်ခလစာမှာ ကျပ်ထောင်ပေါင်း ၁၃၁.၀ ဖြင့် အနည်းဆုံးဖြစ်နေသည်ကို တွေ့ရှိရပါသည်။

ယေဘုယျအားဖြင့် အလုပ်သမားအဖြစ် လုပ်ကိုင်နေသူများကို ကြည့်မည်ဆိုပါက ပညာရေးအဆင့်ပြီးမြောက်မှုမြင့်မားပါက လုပ်ခလစာရရှိမှုသည်လည်း မြင့်မားသည်ကို တွေ့ရှိရပါသည်။ သမားရိုးကျမဟုတ်သောကဏ္ဍရှိ အလုပ်အကိုင်လုပ်ကိုင်နေသူများ၏ လုပ်ခလစာသည် သမားရိုးကျကဏ္ဍရှိ လုပ်ကိုင်နေသူများ၏ လုပ်ခ၊ လစာထက် လျော့နည်းသည်ကို တွေ့ရှိရပါသည်။ သမားရိုးကျမဟုတ်သောကဏ္ဍ ပြင်ပရှိ သမားရိုးကျမဟုတ်သော အလုပ်အကိုင်မှ ရရှိသောဝင်ငွေသည် သမားရိုးကျမဟုတ်သော အလုပ်အကိုင်မှ ရရှိသောဝင်ငွေထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။ အလုပ်သမားများ၏ တစ်လလုပ်ခလစာ အလယ်ကိန်း ရရှိမှုမှာ ကျပ်ထောင်ပေါင်း ၁၈၀.၀ ဖြစ်သည်ကို တွေ့ရှိရပါသည်။

Table 4. Total Monthly Wages and Earnings of all employed persons by age group, sex, and urban/rural

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| **Average Monthly Wages and Earnings ('000 kyats)** | **263.7** | **188.9** | **255.8** | **227.9** | **236.9** |
| *By age* | | | | | |
| 15-24 | 176.3 | 158.8 | 183.3 | 161.2 | 168.4 |
| 25+ | 276.1 | 195.5 | 268.2 | 239.1 | 248.5 |
| *By broad industry* | | | | | |
| Agriculture | 277.0 | 180.0 | 298.7 | 251.9 | 254.1 |
| Industry | 231.9 | 186.2 | 243.7 | 192.3 | 214.4 |
| Services | 266.0 | 194.6 | 257.6 | 203.8 | 232.7 |
| *By employment status* | | | | | |
| Employee | 199.0 | 169.5 | 230.4 | 161.3 | 187.3 |
| Own account worker | 290.4 | 196.3 | 256.2 | 259.2 | 258.4 |
| Of which: Employer | 473.6 | 400.9 | 483.8 | 449.0 | 459.8 |
| *By informal status* | | | | | |
| Informal Employment | 244.0 | 177.5 | 236.0 | 210.1 | 218.4 |
| Formal Employment | 335.3 | 274.4 | 340.8 | 311.0 | 321.1 |
| Employment in the informal sector | 246.2 | 172.2 | 230.9 | 214.4 | 219.1 |
| Informal employment outside the informal sector | 226.0 | 199.9 | 252.8 | 167.7 | 212.6 |
| Median Monthly wages ('000 Kyats) | 210.0 | 156.0 | 210.0 | 182.0 | 200.0 |

*Source: Annual Labour Force Survey, 1st Semi-Annual 2020*

For all employed persons, the average monthly earnings was 236.9 thousand kyats and the adult 248.5 thousand kyats was higher than youth 168.4 thousand kyats regardless of gender and types of residence. By broad industry, those who were employed in the agriculture sector received the highest rate. By employment status, employee earned the lowest rate 187.3 thousand kyats. In general, the average monthly earnings of own account worker was 258.4 thousand kyats and of which employer was 459.8 thousand kyats, the highest of the groups. Likewise among paid employees, there was an earnings gap between formal and informal employment for all employed persons. The median average earnings monthly for all employed persons were 200.0 thousand kyats.

ဇယား-၄။ အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်သူအားလုံး၏ စုစုပေါင်း တစ်လ လုပ်ခနှင့်ဝင်ငွေ

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| **ပျမ်းမျှလစဉ်လုပ်ခနှင့် ဝင်ငွေ ('၀၀၀ကျပ်)** | **၂၆၃.၇** | **၁၈၈.၉** | **၂၅၅.၈** | **၂၂၇.၉** | **၂၃၆.၉** |
| *အသက်အလိုက်* | | | | | |
| ၁၅-၂၄ | ၁၇၆.၃ | ၁၅၈.၈ | ၁၈၃.၃ | ၁၆၁.၂ | ၁၆၈.၄ |
| ၂၅+ | ၂၇၆.၁ | ၁၉၅.၅ | ၂၆၈.၂ | ၂၃၉.၁ | ၂၄၈.၅ |
| *လုပ်ငန်းကဏ္ဍအလိုက်ပျံ့နှံ့မှုရာခိုင်နှုန်း* | | | | | |
| လယ်ယာ | ၂၇၇.၀ | ၁၈၀.၀ | ၂၉၈.၇ | ၂၅၁.၉ | ၂၅၄.၁ |
| စက်မှု | ၂၃၁.၉ | ၁၈၆.၂ | ၂၄၃.၇ | ၁၉၂.၃ | ၂၁၄.၄ |
| ဝန်ဆောင်မှု | ၂၆၆.၀ | ၁၉၄.၆ | ၂၅၇.၆ | ၂၀၃.၈ | ၂၃၂.၇ |
| *အလုပ်အကိုင်အခြေအနေအလိုက်* | | | | | |
| အလုပ်သမား | ၁၉၉.၀ | ၁၆၉.၅ | ၂၃၀.၄ | ၁၆၁.၃ | ၁၈၇.၃ |
| တစ်ပိုင်တစ်နိုင်လုပ်ငန်းလုပ်ကိုင်သူ | ၂၉၀.၄ | ၁၉၆.၃ | ၂၅၆.၂ | ၂၅၉.၂ | ၂၅၈.၄ |
| ၎င်းတို့ထဲမှ-အလုပ်ရှင် | ၄၇၃.၆ | ၄၀၀.၉ | ၄၈၃.၈ | ၄၄၉.၀ | ၄၅၉.၈ |
| *သမားရိုးကျမဟုတ်သောအခြေအနေအလိုက်* | | | | | |
| သမားရိုးကျမဟုတ်သော အလုပ်အကိုင် | ၂၄၄.၀ | ၁၇၇.၅ | ၂၃၆.၀ | ၂၁၀.၁ | ၂၁၈.၄ |
| သမားရိုးကျအလုပ်အကိုင် | ၃၃၅.၃ | ၂၇၄.၄ | ၃၄၀.၈ | ၃၁၁.၀ | ၃၂၁.၁ |
| သမားရိုးကျမဟုတ်သောကဏ္ဍရှိ အလုပ်အကိုင် | ၂၄၆.၂ | ၁၇၂.၂ | ၂၃၀.၉ | ၂၁၄.၄ | ၂၁၉.၁ |
| သမားရိုးကျကဏ္ဍ၏ပြင်ပရှိ သမားရိုးကျ မဟုတ်သောအလုပ်အကိုင် | ၂၂၆.၀ | ၁၉၉.၉ | ၂၅၂.၈ | ၁၆၇.၇ | ၂၁၂.၆ |
| တစ်လလုပ်ခလစာ အလယ်ကိန်း('၀၀၀ကျပ်) | ၂၁၀.၀ | ၁၅၆.၀ | ၂၁၀.၀ | ၁၈၂.၀ | ၂၀၀.၀ |

*ဇာစ်မြစ်။ ၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)*

အလုပ်လုပ်ကိုင်နေသူအားလုံး၏ တစ်လပျမ်းမျှဝင်ငွေသည် ကျပ်ထောင်ပေါင်း ၂၃၆.၉ ဖြစ်ပြီး၊ အရွယ်ရောက်ပြီးသူများ၏ဝင်ငွေ ကျပ်ထောင်ပေါင်း ၂၄၈.၅ သည် လူငယ်ဝင်ငွေ ကျပ်ထောင်ပေါင်း ၁၆၈.၄ ထက် မြင့်မားသည်ကို တွေ့ရှိရပါသည်။ လုပ်ငန်းကဏ္ဍအလိုက် ကြည့်မည်ဆိုပါက လယ်ယာကဏ္ဍသည် ဝင်ငွေအများဆုံးရရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်အကိုင်အခြေအနေအလိုက် ကြည့်မည်ဆိုပါက အလုပ်သမားများ၏ ဝင်ငွေကျပ်ထောင်ပေါင်း ၁၈၇.၃ သည် အနိမ့်ဆုံးဖြစ်ပါသည်။ ယေဘုယျအားဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းလုပ်ကိုင်နေသူများသည် ဝင်ငွေကျပ်ထောင်ပေါင်း ၂၅၈.၄ ရရှိပြီး၊ အလုပ်ရှင်များ၏ ဝင်ငွေသည် ကျပ်ထောင်ပေါင်း ၄၅၉.၈ ဖြင့် အမြင့်ဆုံးရရှိနေသည်ကို တွေ့ရှိရပါသည်။ လုပ်ခ၊ လစာဖြင့် လုပ်ကိုင်နေသူများနည်းတူ အလုပ်လက်ရှိအားလုံးတွင်လည်း သမားရိုးကျမဟုတ်သော အလုပ်အကိုင်တွင် လုပ်ကိုင်နေသူများ၏ လုပ်ခ၊ လစာနှင့် သမားရိုးကျအလုပ်အကိုင်တွင် လုပ်ကိုင်နေသူများ၏ လုပ်ခ၊ လစာသည် ကွာဟမှုရှိသည်ကို တွေ့ရှိရပါသည်။ စုစုပေါင်း အလုပ်လုပ်ကိုင်သူအားလုံး၏ လုပ်ခနှင့်ဝင်ငွေ အလယ်ကိန်းရရှိမှုမှာ ကျပ်ထောင်ပေါင်း ၂၀၀.၀ ဖြစ်သည်ကို တွေ့ရှိရပါသည်။

## 4. Labour Underutilization

**Table 5. Labour Underutilization by age, sex, and urban/rural**

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| **Labour Underutilization (Aged 15+) (million)** | | | | | |
| Time-related Underemployment | 0.35 | 0.32 | 0.15 | 0.52 | 0.67 |
| Unemployment | 0.14 | 0.20 | 0.10 | 0.24 | 0.34 |
| Potential Labour Force (marginal attachment) | 0.05 | 0.11 | 0.04 | 0.12 | 0.16 |
| Unemployment rate (%) | 1.1 | 2.2 | 1.5 | 1.6 | 1.6 |
| Composite rate of Labour Underutilization (%) | 4.1 | 6.8 | 4.4 | 5.6 | 5.2 |
| **Youth Labour Underutilization, aged 15-24 (million)** | | | | | |
| Time-related Underemployment | 0.09 | 0.09 | 0.04 | 0.14 | 0.18 |
| Unemployment | 0.09 | 0.11 | 0.05 | 0.15 | 0.20 |
| Potential Labour Force | 0.03 | 0.04 | 0.02 | 0.05 | 0.07 |
| Unemployment rate (%) | 4.4 | 6.2 | 4.3 | 5.5 | 5.2 |
| Composite rate of Labour Underutilization (%) | 9.9 | 13.1 | 9.6 | 12.0 | 11.3 |

*Source: Annual Labour Force Survey, 1st Semi-Annual 2020*

Although the gross unemployment rate at 1.6 percent was low at the Union level, the youth (aged 15-24) unemployment rate was higher, at 5.2 percent. It was also shown that the unemployment rate was slightly higher in rural than in urban while there was about half difference between male and female.

## ၄။ လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်ခြင်း

**ဇယား-၅။ အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှုအခြေအနေ**

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| **လုပ်သားအင်အား အပြည့်အဝအသုံးမချနိုင်မှု (၁၅ နှစ်နှင့်အထက်) (သန်းပေါင်း)** | | | | | |
| အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ | ၀.၃၅ | ၀.၃၂ | ၀.၁၅ | ၀.၅၂ | ၀.၆၇ |
| အလုပ်လက်မဲ့ | ၀.၁၄ | ၀.၂၀ | ၀.၁၀ | ၀.၂၄ | ၀.၃၄ |
| ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား | ၀.၀၅ | ၀.၁၁ | ၀.၀၄ | ၀.၁၂ | ၀.၁၆ |
| အလုပ်လက်မဲ့နှုန်း (%) | ၁.၁ | ၂.၂ | ၁.၅ | ၁.၆ | ၁.၆ |
| စုစုပေါင်း လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှုနှုန်း (%) | ၄.၁ | ၆.၈ | ၄.၄ | ၅.၆ | ၅.၂ |
| **လူငယ် လုပ်သားအင်အားအပြည့်အဝ အသုံးမချနိုင်မှု (အသက် ၁၅-၂၄ နှစ်)(သန်းပေါင်း)** | | | | | |
| အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့ | ၀.၀၉ | ၀.၀၉ | ၀.၀၄ | ၀.၁၄ | ၀.၁၈ |
| အလုပ်လက်မဲ့ | ၀.၀၉ | ၀.၁၁ | ၀.၀၅ | ၀.၁၅ | ၀.၂၀ |
| ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အား | ၀.၀၃ | ၀.၀၄ | ၀.၀၂ | ၀.၀၅ | ၀.၀၇ |
| အလုပ်လက်မဲ့နှုန်း (%) | ၄.၄ | ၆.၂ | ၄.၃ | ၅.၅ | ၅.၂ |
| စုစုပေါင်း လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှုနှုန်း(%) | ၉.၉ | ၁၃.၁ | ၉.၆ | ၁၂.၀ | ၁၁.၃ |

*ဇာစ်မြစ်။ ၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)*

ပြည်ထောင်စုအဆင့်တွင် အလုပ်လက်မဲ့နှုန်းသည် ၁.၆% ဖြင့် နည်းပါးသော်လည်း အသက် ၁၅-၂၄ နှစ် လူငယ်များ၏ အလုပ်လက်မဲ့နှုန်းသည် ၅.၂% ဖြင့် မြင့်မားသည်ကို တွေ့ရှိရပါသည်။ မြို့ပြ၊ ကျေးလက် ကြည့်မည်ဆိုပါက ကျေးလက်ဒေသ၏ အလုပ်လက်မဲ့နှုန်းသည် မြို့ပြဒေသထက် အနည်းငယ်မြင့်မားပြီး၊ ကျား၊မ အကြား ထက်ဝက်ခန့် ကွာခြားကြောင်း တွေ့ရှိရပါသည်။

The unemployment rate in the whole country was low mainly because of a weak social security system and as a result, people had to take up any job they could get just for survival. In these circumstances, it should be cautious about using Labour Underutilization (LU) indicators in policy formulation. Labour Underutilization refers to a mismatched between labour supply and labour demand, resulting in an unmet need of employment among the population.

The Potential Labour Force was 0.16 million, and among them, female constituted 69 percent while male, 31 percent. Comparing between the rural and urban areas, rural area had 75 percent of Potential Labour Force while urban area, 25 percent.

In youth Potential Labour Force, which was 0.07 million, the ratio of female was a little higher than that of male.

The calculation of Composite Rate of Labour Underutilization took into account of the unemployed, and those working for hours that were less than they desired to work (Time- related Underemployment), those who were not counted in the labour force but were available for work but not looking for work, and those who were looking for work but were not currently available for work.

At the Union level, the Composite Rate of Labour Underutilization of the working-age population was 5.2 percent, and of the youth (aged 15-24) was 11.3 percent. The Composite Rate of Labour Underutilization was a little higher for female than for male. In the working-age population group (15+), the rate of Labour Underutilization was a higher in rural area than in urban area.

တစ်နိုင်ငံလုံး အတိုင်းအတာအရ အလုပ်လက်မဲ့နှုန်း နိမ့်ကျရခြင်းသည် အဓိကအားဖြင့် နိုင်ငံ၏ လူမှုဖူလုံရေး အကျိုးခံစားခွင့်စနစ်အားနည်းမှုနှင့် ရှင်သန်နေထိုင်နိုင်ရေးအတွက် အလုပ်အကိုင်ရွေးချယ်ခွင့် မရှိဘဲ ရရာအလုပ်ကို လုပ်ကိုင်နေရခြင်းကြောင့် ဖြစ်ပါသည်။ အဆိုပါ အခြေအနေများ တည်ရှိနေသည့် အတွက် နိုင်ငံ၏ အလုပ်အကိုင်ဆိုင်ရာ မူဝါဒများချမှတ်ရာတွင် လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်မှု (Labour Underutilization-LU) အညွှန်းကိန်းများကို ချင့်ချိန်အသုံးပြုသွားရမည် ဖြစ်ပါသည်။ လုပ်သား အင်အား အပြည့်အဝအသုံးမချနိုင်မှုဆိုသည်မှာ ပြည်သူများ၏ အလုပ်အကိုင်လိုအပ်ချက် မဖြည့်ဆည်း နိုင်မှုကို ဖြစ်ပေါ်စေသော လုပ်သားဖြည့်ဆည်းနိုင်မှုနှင့် လုပ်သားလိုအပ်ချက်အကြား ကိုက်ညီမှုမရှိသည့် အခြေအနေကို ဆိုလိုပါသည်။

ဖြစ်နိုင်ခြေရှိသော လုပ်သားအင်အားအရေအတွက် ၀.၁၆ သန်းတွင် အမျိုးသမီး ၆၉% နှင့် အမျိုးသား ၃၁% ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြို့ပြ၊ ကျေးလက် နှိုင်းယှဉ်ကြည့်ရာ ကျေးလက်ဒေသများတွင် ၇၅%၊ မြို့ပြဒေသများတွင် ၂၅% တွေ့ရှိရပါသည်။

လူငယ်များ၏ ဖြစ်နိုင်ခြေရှိသောလုပ်သားအင်အားတွင် ပါဝင်သူ ၀.၀၇ သန်းတွင် အမျိုးသမီးများ၏ ပါဝင်မှုသည် အနည်းငယ်မြင့်မားသည်ကို တွေ့ရှိရပါသည်။

လုပ်သားအင်အားအပြည့်အဝအသုံးမချနိုင်မှုကို တွက်ချက်ရာတွင် အလုပ်လက်မဲ့ဦးရေ၊ အလုပ် လုပ်ကိုင်နေသော်လည်း အလုပ်ချိန်ကို လုပ်ကိုင်လိုသည့် အလုပ်ချိန်နာရီထက် လျော့နည်းလုပ်ကိုင်နေသူ ဦးရေ (တစ်နည်းအားဖြင့် အလုပ်ချိန်ဆိုင်ရာ တစ်ဝက်တစ်ပျက် အလုပ်လက်မဲ့) နှင့် လုပ်သားအင်အားတွင် ထည့်သွင်းရေတွက်ထားခြင်းမရှိသည့် အလုပ်ရှာဖွေခြင်းမရှိဘဲ အလုပ်လုပ်ရန် အဆင်သင့် ဖြစ်နေသူများနှင့် အလုပ်ရှာဖွေနေသော်လည်း အလုပ်လုပ်ရန် အဆင်သင့်မဖြစ်သူများကို ထည့်သွင်းတွက်ချက်ပါသည်။

ပြည်ထောင်စုအဆင့်တွင် အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ လူဦးရေတွင် လုပ်သား အင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်းမှာ ၅.၂% ရှိပြီး၊ လူငယ်များ (အသက်၁၅-၂၄နှစ်) ၏ ရာခိုင်နှုန်းမှာ ၁၁.၃% ဖြစ်သည်ကို တွေ့ရှိရပါသည်။ အမျိုးသားများထက် အမျိုးသမီးများ၏ လုပ်သားအင်အား အပြည့်အဝ အသုံးမချနိုင်မှုနှုန်းသည် အနည်းငယ်မြင့်မားသည်ကို တွေ့ရှိရပါသည်။ ပြည်ထောင်စုအဆင့်တွင် လုပ်သား အင်အား အပြည့်အဝအသုံးမချနိုင်မှုနှုန်းသည် မြို့ပြထက် ကျေးလက်တွင် မြင့်မားကြောင်းတွေ့ရှိရပါသည်။

## 5. Working Age Population Outside the Labour Force

Table 6. Working Age Population Outside the Labour Force by age group, sex, and urban/rural

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| **Working-Age Population Outside the Labour Force (million)** | **3.97** | **11.40** | **4.88** | **10.49** | **15.37** |
| *By age* | | | | | |
| 15-24 | 2.10 | 2.85 | 1.54 | 3.41 | 4.95 |
| 25+ | 1.87 | 8.55 | 3.34 | 7.08 | 10.42 |
| **By marginal attachment to the Labour Force (million)** | | | | | |
| (a) Seeking employment, but not available | 0.00* | 0.01* | 0.01* | 0.00* | 0.01* |
| (b) Available, but not seeking employment | 0.04 | 0.10 | 0.03 | 0.11 | 0.14 |
| (c) Want employment, but not seeking & not available | 0.03* | 0.14 | 0.06 | 0.11 | 0.17 |
| (d) Does not want employment | 3.90 | 11.14 | 4.79 | 10.25 | 15.04 |
| **By marginal attachment to the Labour Force (%)** | | | | | |
| The main reasons for not seeking work | | | | | |
| (a) Family responsibilities or housework | 3.0 | 61.0 | 55.1 | 45.3 | 48.0 |
| (b) Attending school/training courses | 16.4 | 11.9 | 17.4 | 11.2 | 12.9 |
| (c) No jobs available in the area | 19.4 | 7.4 | 2.1 | 13.1 | 10.1 |
| (d) Awaiting for the season to start | 18.1 | 3.5 | 4.2 | 7.7 | 6.8 |
| **The main reasons for not wanting/ being available to work (%)** | | | | | |
| (a) Family responsibilities or housework | 3.9 | 62.2 | 44.1 | 48.6 | 47.2 |
| (b) Attending school/training courses | 45.8 | 17.1 | 25.6 | 24.0 | 24.5 |
| (c) Too old to work | 19.4 | 12.1 | 12.6 | 14.6 | 13.9 |
| (d) Illness, injury, disability | 13.5 | 4.0 | 7.5 | 6.0 | 6.4 |
| **By education** *(% distribution)* | | | | | |
| (a) Completed primary and below | 35.9 | 60.4 | 37.1 | 62.3 | 54.0 |
| (b) Completed secondary | 25.0 | 17.9* | 21.0 | 19.2 | 19.8 |
| (c) Completed High and above | 37.2 | 21.0 | 40.9* | 17.5 | 25.2 |
| (d) Other | 1.9 | 0.7 | 1.0 | 1.0 | 1.0 |

*Source: Annual Labour Force Survey, 1st Semi-Annual 2020*

*Note: * Denotes high relative standard error from too few observations (<50 cases)*

## ၅။ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားတွင် လုပ်သားအင်အားပြင်ပရောက်ရှိနေသူများ

**ဇယား-၆။ အသက်အုပ်စု၊ ကျား၊ မ နှင့် မြို့ပြ၊ ကျေးလက်အလိုက် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားတွင် လုပ်သားအင်အားပြင်ပရောက်ရှိနေသူများ အခြေအနေ**

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| **လုပ်သားအင်အားပြင်ပ (သန်းပေါင်း)** | ၃.၉၇ | ၁၁.၄၀ | ၄.၈၈ | ၁၀.၄၉ | ၁၅.၃၇ |
| ***အသက်အုပ်စုအလိုက်*** | | | | | |
| ၁၅-၂၄ | ၂.၁၀ | ၂.၈၅ | ၁.၅၄ | ၃.၄၁ | ၄.၉၅ |
| ၂၅+ | ၁.၈၇ | ၈.၅၅ | ၃.၃၄ | ၇.၀၈ | ၁၀.၄၂ |
| **လုပ်သားအင်အားသို့ ဝင်ရောက်လာနိုင်သည့် အခြေအနေအလိုက် (သန်းပေါင်း)** | | | | | |
| (က) အလုပ်ရှာ သို့သော် အဆင်သင့်မဖြစ် | ၀.၀၀* | ၀.၀၁* | ၀.၀၁* | ၀.၀၀* | ၀.၀၁* |
| (ခ) အဆင်သင့်ဖြစ် သို့သော် အလုပ်မရှာ | ၀.၀၄ | ၀.၁၀ | ၀.၀၃ | ၀.၁၁ | ၀.၁၄ |
| (ဂ) အလုပ်လုပ်လို သို့သော် အလုပ်မရှာ၊ အလုပ်လုပ်ရန် အဆင်သင့်မဖြစ် | ၀.၀၃* | ၀.၁၄ | ၀.၀၆ | ၀.၁၁ | ၀.၁၇ |
| (ဃ) အလုပ်လုပ်လိုသည့်ဆန္ဒမရှိ | ၃.၉၀ | ၁၁.၁၄ | ၄.၇၉ | ၁၀.၂၅ | ၁၅.၀၄ |
| **လုပ်သားအင်အားသို့ ဝင်ရောက်လာနိုင်သည့် အခြေအနေအလိုက် (%)** | | | | | |
| အလုပ်မရှာရသည့်အဓိကအကြောင်းအရင်းများ | | | | | |
| (က) မိသားစုတာဝန် (သို့) အိမ်မှုကိစ္စလုပ်ကိုင်ရခြင်း | ၃.၀ | ၆၁.၀ | ၅၅.၁ | ၄၅.၃ | ၄၈.၀ |
| (ခ) ကျောင်း/သင်တန်းများ တက်ရောက်ခဲ့ခြင်း | ၁၆.၄ | ၁၁.၉ | ၁၇.၄ | ၁၁.၂ | ၁၂.၉ |
| (ဂ) ဤဒေသတွင် အလုပ်မရနိုင်ခြင်း | ၁၉.၄ | ၇.၄ | ၂.၁ | ၁၃.၁ | ၁၀.၁ |
| (ဃ) အလုပ်စတင်မည့် ရာသီချိန်ကို စောင့်ဆိုင်းခြင်း | ၁၈.၁ | ၃.၅ | ၄.၂ | ၇.၇ | ၆.၈ |
| **အလုပ်မလုပ်လိုသည့် / အဆင်သင့်မဖြစ်သည့် အခြေအနေအလိုက် (%)** | | | | | |
| (က) မိသားစုတာဝန် (သို့) အိမ်မှုကိစ္စလုပ်ကိုင်ရခြင်း | ၃.၉ | ၆၂.၂ | ၄၄.၁ | ၄၈.၆ | ၄၇.၂ |
| (ခ) ကျောင်း/ သင်တန်းတက်ရောက်ခြင်း | ၄၅.၈ | ၁၇.၁ | ၂၅.၆ | ၂၄.၀ | ၂၄.၅ |
| (ဂ) အသက်အရွယ်အိုမင်းခြင်း | ၁၉.၄ | ၁၂.၁ | ၁၂.၆ | ၁၄.၆ | ၁၃.၉ |
| (ဃ) မကျန်းမာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းခြင်း | ၁၃.၅ | ၄.၀ | ၇.၅ | ၆.၀ | ၆.၄ |
| **ပညာအရည်အချင်းအလိုက် (%)** | | | | | |
| (က) မူလတန်းအဆင့်နှင့်အောက် | ၃၅.၉ | ၆၀.၄ | ၃၇.၁ | ၆၂.၃ | ၅၄.၀ |
| (ခ) အလယ်တန်းအဆင့် | ၂၅.၀ | ၁၇.၉* | ၂၁.၀ | ၁၉.၂ | ၁၉.၈ |
| (ဂ) အထက်တန်းအဆင့်နှင့်အထက် | ၃၇.၂ | ၂၁.၀ | ၄၀.၉* | ၁၇.၅ | ၂၅.၂ |
| (ဃ) အခြား | ၁.၉ | ၀.၇ | ၁.၀ | ၁.၀ | ၁.၀ |

*ဇာစ်မြစ်။ ၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)*

*မှတ်ချက်။ * နမူနာဦးရေ ၅၀အောက်သာရှိသည့်အတွက် နှိုင်းယှဉ်စံမှားယွင်းမှုနှုန်း မြင့်မားနိုင်ပါသည်။*

It was found that the two main reasons for being outside the Labour Force were being busy with family responsibilities or housework and attending school/training courses. In the country, 61.0 percent of female who was currently not employed stated that the reason for not seeking employment was responsible for household work. That percentage was much higher than that of male who do not seek work because of responsibilities for household work.

The main reasons for being outside the Labour Force and not available to work were being family responsibilities or housework 47.2 percent; attending school/training 24.5 percent; being too old to work 13.9 percent; being ill, injured or disabled 6.4 percent. The percentage of male who was outside the Labour Force because of being ill, injured or disabled was more than three times that of female who was in the same situation.

လုပ်သားအင်အားပြင်ပသို့ ရောက်ရှိနေသည့် အဓိကအကြောင်းအရင်းနှစ်ခုမှာ မိသားစုတာဝန် သို့မဟုတ် အိမ်မှုကိစ္စလုပ်ကိုင်ရခြင်းနှင့် ကျောင်း/သင်တန်းများ တက်ရောက်နေခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံအတွင်းရှိ အလုပ်မလုပ်သော အမျိုးသမီး ၆၁.၀% အလုပ်မရှာဖွေရခြင်းမှာ အိမ်မှုကိစ္စများအတွက် တာဝန်ရှိနေခြင်းကြောင့်ဖြစ်ကြောင်း ဖြေဆိုသည်ကိုတွေ့ရှိရပြီး အဆိုပါရာခိုင်နှုန်းသည် အမျိုးသားများထက် သိသိသာသာမြင့်မားသည်ကို တွေ့ရှိရပါသည်။

လုပ်သားအင်အားပြင်ပသို့ ရောက်ရှိနေပြီး အလုပ်လုပ်ကိုင်ရန် အဆင်သင့်မဖြစ်ရသည့် အဓိက အကြောင်းအရင်းမှာ မိသားစုတာဝန် သို့မဟုတ် အိမ်မှုကိစ္စလုပ်ကိုင်ရခြင်း ၄၇.၂%၊ ကျောင်း/ သင်တန်းတက်ရောက်ခြင်း ၂၄.၅%၊ အသက်အရွယ် အိုမင်းခြင်း ၁၃.၉% နှင့် မကျန်းမာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းခြင်းတို့ကြောင့် ၆.၄% ဖြစ်ပြီး၊ မကျန်းမာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းခြင်းတို့တွင် အမျိုးသားပါဝင်မှုသည် အမျိုးသမီးများထက် ၃ ဆကျော် ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။

## 6. Working children and Child Labour

### Table 7. Working children and Child Labour by age group, sex, and urban/rural

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| **Total children population (million)** | **6.12** | **6.21** | **2.95** | **9.38** | **12.33** |
| *By age* | | | | | |
| 5-11 | 3.28 | 3.29 | 1.48 | 5.09 | 6.57 |
| 12-14 | 1.43 | 1.47 | 0.71 | 2.19 | 2.90 |
| 15-17 | 1.41 | 1.45 | 0.76 | 2.10 | 2.86 |
| ***By sub-categories* (million)** | | | | | |
| Working Children | 0.21 | 0.16 | 0.07 | 0.30 | 0.37 |
| Child Labour | 0.17 | 0.12 | 0.05 | 0.24 | 0.29 |
| Hazardous Child Labour | 0.14 | 0.11 | 0.05 | 0.20 | 0.25 |
| **By sub-categories (% of total child population)** | | | | | |
| Working children as the percentage of total child population | 3.5 | 2.5 | 2.4 | 3.2 | 3.0 |
| Child Labour as the percentage of total child population | 2.8 | 1.9 | 1.8 | 2.5 | 2.3 |
| Hazardous child labour as the percentage of total child population | 2.3 | 1.8 | 1.6 | 2.2 | 2.1 |
| **Child Labourers by age (million)** | | | | | |
| 5-11 | 0.01* | 0.00* | - | 0.01* | 0.01* |
| 12-14 | 0.03* | 0.01* | 0.01* | 0.03* | 0.04* |
| 15-17 | 0.13 | 0.10 | 0.03* | 0.20 | 0.23 |
| **Child Labourers, by age (%)** | | | | | |
| 5-11 | 0.1* | 0.1* | 0.0* | 0.1* | 0.1* |
| 12-14 | 2.2* | 0.9* | 1.9* | 1.4* | 1.5* |
| 15-17 | 9.5 | 7.1 | 5.0* | 9.5 | 8.3 |

*Source: Annual Labour Force Survey, 1st Semi-Annual 2020*

*Note * Denotes high relative standard error from too few observations (<50 cases)*

*- There is no sample*

## ၆။ အလုပ်လုပ်သောကလေးများနှင့် ကလေးလုပ်သား

**ဇယား-၇။ အသက်အုပ်စု၊ ကျား ၊ မ နှင့် မြို့ပြ ၊ ကျေးလက်အလိုက် အလုပ်လုပ်သော ကလေးများနှင့် ကလေးလုပ်သား အခြေအနေ**

| | ကျား | မ | မြို့ပြ | ကျေး လက် | စုစု ပေါင်း |
|---|---|---|---|---|---|
| **စုစုပေါင်းကလေးဦးရေ (သန်းပေါင်း)** | **၆.၁၂** | **၆.၂၁** | **၂.၉၅** | **၉.၃၈** | **၁၂.၃၃** |
| *အသက်အုပ်စုအလိုက်* | | | | | |
| ၅-၁၁ | ၃.၂၈ | ၃.၂၉ | ၁.၄၈ | ၅.၀၉ | ၆.၅၇ |
| ၁၂-၁၄ | ၁.၄၃ | ၁.၄၇ | ၀.၇၁ | ၂.၁၉ | ၂.၉၀ |
| ၁၅-၁၇ | ၁.၄၁ | ၁.၄၅ | ၀.၇၆ | ၂.၁၀ | ၂.၈၆ |
| **အလုပ်လုပ်ကိုင်မှုအခြေအနေအလိုက်(သန်းပေါင်း)** | | | | | |
| အလုပ်လုပ်သောကလေး | ၀.၂၁ | ၀.၁၆ | ၀.၀၇ | ၀.၃၀ | ၀.၃၇ |
| ကလေးလုပ်သား | ၀.၁၇ | ၀.၁၂ | ၀.၀၅ | ၀.၂၄ | ၀.၂၉ |
| အန္တရာယ်ရှိသောလုပ်ငန်းခွင်ရှိကလေးလုပ်သား | ၀.၁၄ | ၀.၁၁ | ၀.၀၅ | ၀.၂၀ | ၀.၂၅ |
| **အလုပ်လုပ်ကိုင်မှုအခြေအနေအလိုက် (စုစုပေါင်း ကလေးဦးရေတွင် ပါဝင်မှုရာခိုင်နှုန်း)** | | | | | |
| အလုပ်လုပ်သောကလေးရာခိုင်နှုန်း | ၃.၅ | ၂.၅ | ၂.၄ | ၃.၂ | ၃.၀ |
| ကလေးလုပ်သားရာခိုင်နှုန်း | ၂.၈ | ၁.၉ | ၁.၈ | ၂.၅ | ၂.၃ |
| အန္တရာယ်ရှိသော လုပ်ငန်းခွင်ရှိ ကလေးလုပ်သား ရာခိုင်နှုန်း | ၂.၃ | ၁.၈ | ၁.၆ | ၂.၂ | ၂.၁ |
| **အသက်အုပ်စုအလိုက် ကလေးလုပ်သား (သန်းပေါင်း)** | | | | | |
| ၅-၁၁ | ၀.၀၁* | ၀.၀၀* | - | ၀.၀၁* | ၀.၀၁* |
| ၁၂-၁၄ | ၀.၀၃* | ၀.၀၁* | ၀.၀၁* | ၀.၀၃* | ၀.၀၄* |
| ၁၅-၁၇ | ၀.၁၃ | ၀.၁၀ | ၀.၀၃* | ၀.၂၀ | ၀.၂၃ |
| **အသက်အုပ်စုအလိုက် ကလေးလုပ်သား ရာခိုင်နှုန်း** | | | | | |
| ၅-၁၁ | ၀.၁* | ၀.၁* | ၀.၀* | ၀.၁* | ၀.၁* |
| ၁၂-၁၄ | ၂.၂* | ၀.၉* | ၁.၉* | ၁.၄* | ၁.၅* |
| ၁၅-၁၇ | ၉.၅ | ၇.၁ | ၅.၀* | ၉.၅ | ၈.၃ |

*ဇာစ်မြစ်။ ၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)*

*မှတ်ချက်။ * နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် နှိုင်းယှဉ်စံမှားယွင်းမှုနှုန်း မြင့်မားနိုင်ပါသည်။*

*- နမူနာဦးရေ ပါဝင်ခြင်းမရှိပါ။*

| | Male | Female | Urban | Rural | Total |
|---|---|---|---|---|---|
| **School attendance of child labour (%)** | | | | | |
| Ever attended school | 98.1 | 100.0 | 100.0 | 98.6 | 98.9 |
| Never attended school | 1.9* | - | - | 1.4* | 1.1* |
| Currently attending school | 5.4* | 11.0* | 8.7* | 7.5* | 7.7* |
| Currently not attending school | 94.6 | 89.0 | 91.3 | 92.5 | 92.3 |
| **Child Labourers, by education (%)** | | | | | |
| Completed primary and below | 74.6 | 80.1 | 65.9* | 79.3 | 76.9 |
| Completed secondary | 18.7* | 17.7* | 26.8* | 16.4* | 18.3 |
| Completed High and above | 6.7* | 2.2* | 7.3* | 4.3* | 4.8* |

*Source: Annual Labour Force Survey, 1st Semi-Annual 2020*

*Note * Denotes high relative standard error from too few observations (<50 cases)*

*- There is no sample*

| | ကျား | မ | မြို့ပြ | ကျေးလက် | စုစုပေါင်း |
|---|---|---|---|---|---|
| **ကလေးလုပ်သားများ၏ ကျောင်းတက်ရောက်မှု အခြေအနေ (%)** | | | | | |
| ကျောင်းနေဖူးသူ | ၉၈.၁ | ၁၀၀.၀ | ၁၀၀.၀ | ၉၈.၆ | ၉၈.၉ |
| ကျောင်းမနေဖူးသူ | ၁.၉* | - | - | ၁.၄* | ၁.၁* |
| လက်ရှိ ကျောင်းတက်နေသူ | ၅.၄* | ၁၁.၀* | ၈.၇* | ၇.၅* | ၇.၇* |
| လက်ရှိ ကျောင်းမတက်သူ | ၉၄.၆ | ၈၉.၀ | ၉၁.၃ | ၉၂.၅ | ၉၂.၃ |
| **ပညာရေးအဆင့်အလိုက်ကလေးလုပ်သား (%)** | | | | | |
| မူလတန်းအဆင့်နှင့်အောက် | ၇၄.၆ | ၈၀.၁ | ၆၅.၉* | ၇၉.၃ | ၇၆.၉ |
| အလယ်တန်းအဆင့် | ၁၈.၇* | ၁၇.၇* | ၂၆.၈* | ၁၆.၄* | ၁၈.၃ |
| အထက်တန်းအဆင့်နှင့်အထက် | ၆.၇* | ၂.၂* | ၇.၃* | ၄.၃* | ၄.၈* |

*ရင်းမြစ်။ ၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)*

*မှတ်ချက်။ * နမူနာဦးရေ ၅၀ အောက်သာရှိသည့်အတွက် နှိုင်းယှဉ်စံများ၊ယွင်းမှုနှုန်း မြင့်မားနိုင်ပါသည်။*

*- နမူနာဦးရေ ပါဝင်ခြင်းမရှိပါ။*

The child population (aged 5-17) was 12.33 million, of which 6.12 million were boys and 6.21 million were girls. The majority of children, more than half of the total, fell in the broad age group of 5-11 years 53.3 percent, followed by 12-14 years group that was about 23.5 percent, which accounted for less than half of the first group. Less than a quarter, 23.2 percent, of the total child population were between 15 and 17 years old, whereby within the two oldest child age groups, the number of boys were relatively less than girls. Similarly, in the youngest age group, the number of boys and girls were almost the same. The overwhelming majority of children 76.1 percent lived in rural area.

At the Union level, it was found that the total child population of 12.33 million, 0.37 million were working children. It was 3.0 percent of the total child population, 3.5 percent was boy while 2.5 percent, girl. Most of them were in rural area.

According to the First Semi-Annual Labour Force Survey-2020, of all 12.33 million total child population, 0.29 million were child labour, which was 2.3 percent of the total child population. It was found that 2.8 percent of total boy population and 1.9 percent of total girl population were working as child labour. Moreover, 2.5 percent of all children living in rural area was child labour. But in urban area, that was only 1.8 percent. It meant that rural area had more child labour than urban area.

In the labour market, the majority of child labour were in the 15-17 age group. In that age group, boy child labour was higher than girl child labour; boy at 9.5 percent and girl at 7.1 percent. Among working children, the percentage of child labour was the highest in the 15-17 age group, at 8.3 percent, and the second-highest was the 12-14 age group at 1.5 percent, the lowest was the 5-11 age group.

It was found that, out of 12.33 million total child population, 0.25 million children were working in hazardous conditions, of which, 0.14 million were boys and 0.11 million girls.

In terms of the situation of the school attendance by child labour, the majority of child labour was ever attended school at 98.9 percent, of which, 7.7 percent was currently attending school and 92.3 percent was currently not attending school.

အသက်အုပ်စု ၅ နှစ်မှ ၁၇ နှစ်အကြား ကလေးဦးရေစုစုပေါင်း ၁၂.၃၃ သန်းတွင် ယောကျာ်းလေး ၆.၁၂ သန်းနှင့် မိန်းကလေး ၆.၂၁ သန်း ရှိပါသည်။ ကလေးအရေအတွက်၏ ထက်ဝက်ကျော် ၅၃.၃% သည် အသက်အုပ်စု ၅-၁၁ နှစ်အကြား ဖြစ်ပြီး၊ ဒုတိယအများဆုံးအဖြစ် အသက်အုပ်စု ၁၂-၁၄ နှစ်အကြားသည် ၂၃.၅% ပါဝင်သည်ကို တွေ့ရှိရပါသည်။ ကလေးများတွင် အကြီးဆုံးအသက်အုပ်စုဖြစ်သည့် အသက်အုပ်စု ၁၅-၁၇ နှစ်၏ ပါဝင်မှုရာခိုင်နှုန်းသည် ၂၃.၂% ဖြင့် စုစုပေါင်းကလေးဦးရေ၏ ၄ ပုံ ၁ ပုံအောက်ဖြင့် အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ အသက်အရွယ်ကြီးသည့် အုပ်စုနှစ်စုတွင် ယောကျာ်းလေး အရေအတွက်သည် မိန်းကလေးအရေအတွက်ထက် လျော့နည်းသည်ကို တွေ့ရှိရပြီး၊ အငယ်ဆုံးအသက် အုပ်စုတွင်မူ ယောကျာ်းလေး၊ မိန်းကလေးအရေအတွက် တူညီလုနီးပါးရှိသည်ကို တွေ့ရှိရပါသည်။ ကလေး အများစု ၇၆.၁% သည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ပြည်ထောင်စုအဆင့်ကြည့်မည်ဆိုပါက ကလေးစုစုပေါင်း ၁၂.၃၃ သန်းတွင် အလုပ်လုပ်ကိုင်နေသည့် ကလေး ၀.၃၇ သန်းခန့်ရှိသည်ကို တွေ့ရှိရပါသည်။ အလုပ်လုပ်သည့် ကလေးပါဝင်မှုရာခိုင်နှုန်း ၃.၀% ရှိရာ ယောကျာ်းလေး ၃.၅% နှင့် မိန်းကလေး ၂.၅% ဖြစ်ကြောင်း တွေ့ရှိရပြီး၊ အလုပ်လုပ်သောကလေးအများစု သည် ကျေးလက်ဒေသများတွင်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂၀၂၀ ပြည့်နှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်) အရ ကလေးစုစုပေါင်း ၁၂.၃၃ သန်းတွင် ကလေးလုပ်သားဦးရေ ၀.၂၉ သန်းရှိရာ ရာခိုင်နှုန်းအားဖြင့် ၂.၃% ရှိကြောင်း တွေ့ရှိရပါသည်။ ယောကျာ်းလေးအားလုံး၏ ၂.၈% နှင့် မိန်းကလေးအားလုံး၏ ၁.၉% သည် ကလေးလုပ်သားအဖြစ် လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။ ကျေးလက်ကလေးဦးရေ၏ ၂.၅% သည် ကလေးလုပ်သားများအဖြစ် တွေ့ရှိရပြီး မြို့ပြကလေးဦးရေတွင် ၁.၈% ကိုသာ ကလေးလုပ်သားအဖြစ် တွေ့ရှိရသည့်အတွက် ကျေးလက် ဒေသတွင် ကလေးလုပ်သားများ ပိုမိုတွေ့ရှိရပါသည်။

လုပ်သားဈေးကွက်တွင် ကလေးလုပ်သားအဖြစ် အသက်အုပ်စု ၁၅-၁၇ နှစ်အကြား အများဆုံး တွေ့ရှိရသည်။ အဆိုပါ အသက်အုပ်စုအတွင်းရှိ မိန်းကလေး ၇.၁% ထက် ယောကျာ်းလေး ၉.၅% သည် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ အသက်အုပ်စုအလိုက် ကလေးလုပ်သားရာခိုင်နှုန်းတွင် ၁၅-၁၇ နှစ် ကလေးများတွင် ၈.၃% ဖြင့် အမြင့်ဆုံး၊ အသက်အုပ်စု ၁၂-၁၄ နှစ် ကလေးများတွင် ၁.၅% ဖြင့် ဒုတိယအမြင့် ဆုံးနှင့် အသက်အုပ်စု ၅-၁၁ နှစ်ကလေးများတွင် ရာခိုင်နှုန်းအနည်းဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။

စုစုပေါင်းကလေးဦးရေ ၁၂.၃၃ သန်းတွင် အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေ သည့် ကလေးဦးရေ ၀.၂၅ သန်းရှိပြီး ယောကျာ်းလေး ၀.၁၄ သန်းနှင့် မိန်းကလေး ၀.၁၁ သန်း ရှိသည်ကို တွေ့ရှိရပါသည်။

ကလေးလုပ်သားများ၏ ကျောင်းတက်ရောက်မှု အခြေအနေကို လေ့လာကြည့်ရာ ကလေးလုပ်သား အများစု ၉၈.၉% သည် ကျောင်းနေဖူးသူများဖြစ်ပြီး၊ ၎င်းတို့အနက်မှ လက်ရှိကျောင်းတက်ရောက်နေသည့် ကလေးလုပ်သား ၇.၇ % နှင့် လက်ရှိကျောင်းတက်ရောက်နေခြင်းမရှိသည့် ကလေးလုပ်သား ၉၂.၃% ရှိသည် ကို တွေ့ရှိရပါသည်။

The Government of the Republic of the Union of Myanmar

Ministry of Labour, Immigration and Population

Department of Labour

# Annual Labour Force Survey, 2020

## First Semi-Annual Report

(January to March 2020)

Technical support by International Labour Organization

May 2021 Nay Pyi Taw

https://www.mol.gov.mm